

# သမီးအပျိုစင်သို့

သမီးအပျိုစင်အတွက်ဘဝနီတိပန်းမာလာ

တက်တိုး၊ နုယဉ်



တတိယအကြိမ်

mgyoe.com

mgyoe.com



- **ဆရာကြီးတက်တိုး၏ အဆုံးအမဆောင်းပါးများ**

၁။ အပျိုစင်ဘဝရဲ့ဌာဏ် ထိန်းသိမ်းပါ
၂။ ခေတ်မီတာလား ခေတ်ဆန်တာလား
၃။ ဘဝပညာကို ဆည်းပူးပါ
၄။ အချစ်ဆိုလား ဘာဆိုလား
၅။ နှစ်ဆယ်ကျော်အစိတ်ပိုင်း
၆။ ပါတနာရွေးချယ်ရေး
၇။ ပညာတတ်ဖို့လိုပါတယ်
၈။ အပျိုချောချော အပြောချိုချို
၉။ ဘဝခရီးလမ်း ဖြောင့်တန်းပါစေ
၁၀။ တစ်ပတ်ရစ်ဘဝ မရောက်ပါစေနှင့်
၁၁။ မနူးမနပ် ပညာတတ်တွေ
၁၂။ "လစ်ဗင်းတုဂဲသား"ဆိုတာ
၁၃။ အပျိုစင်
၁၄။ အလုဏ်တန်ဖိုး
၁၅။ အားမကျချင်စမ်းပါနှင့်ကွယ်
၁၆။ ခေတ်ဆန်ခြင်း၊ ခေတ်မီခြင်း



- **ဆရာမကြီးနယဉ်၏ ဆောင်းပါးများ**

၁။ ကဗျာချစ်တဲ့ အပျိုစင်လေးများ
၂။ အောင်သွယ်ဆိုတာ
၃။ ထိုမိန်းမ
၄။ မိန်းမတို့အကြောင်းမှူသာ
၅။ လူချွန်လူကောင်းမိန်းမသားနှစ်ယောက်
၆။ ဂုဏ်ဆိုတာ ငွေကိုခေါ်တယ်တဲ့
၇။ ဝါတွင်းချိန်မှာ အေးရိပ်ရှာ
၈။ ကြီးကြီးမပြောပြတဲ့ဇာတ်ကြမ်း
၉။ ကိန္နရဒေဝီမဟေသီ
၁၀။ သုဟောနန္ဒီ
၁၁။ ဖတ်တတ်လျှင်သုတ၊ မဖတ်တတ်လျှင်ရာဂ
၁၂။ တစ်ပွင့်တန်

TT0002
2,200.00 KS

mgyoe.com

mgyoe.com

သမီးအပျိုစင်သို့၊ သမီးအပျိုစင်အတွက်ဘဝနိတိပန်းဆာလာ၊ တက်တိုး၊ နယဉ်
စာမျက်နှာ ၂၁၆ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၈၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၉၊ ဇွန်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၁ စိတ်ကူးချိုချို၏ ဒုတိယအကြိမ်မှု၊
(ပထမအကြိမ် - ၁၉၉၇၊ ထွန်းလှကျော်စာပေ)

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# သမီးအပျိုစင်သို့

## သမီးအပျိုစင်အတွက်ဘဝနိတိပန်းမာလာ

## တက်တိုး၊ နုယဉ်

တတိယအကြိမ် ၂၀၁၄

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


- ပြောရဦးမယ် ၁
- မင်္ဂလာပါအပျိုစင် ၅
- ဆရာကြီးတက်တိုး၏ အဆုံးအမဆောင်းပါးများ ၀၈

၁။ အပျိုစင်ဘဝရဲ့ဂုဏ် ထိန်းသိမ်းပါ ၁၉
၂။ ခေတ်မီတာလား ခေတ်ဆန်တာလား ၂၆
၃။ ဘဝပညာကို ဆည်းပူးပါ ၃၃
၄။ အချစ်ဆိုလား ဘာဆိုလား ၄၁
၅။ နှစ်ဆယ်ကျော်အစိတ်ပိုင်း ၄၆
၆။ ပါတနာရွေးချယ်ရေး ၅၂
၇။ ပညာတတ်ဖို့လိုပါတယ် ၅၉
၈။ အပျိုချောချော အပြောချိုချို ၆၄
၉။ ဘဝခရီးလမ်း ဖြောင့်တန်းပါစေ ၇၀
၁၀။ တစ်ပတ်ရစ်ဘဝ မရောက်ပါစေနှင့် ၇၇
၁၁။ မနှူးမနပ် ပညာတတ်တွေ ၈၄


mgyoe.com

mgyoe.com


၁၂။ "လစ်ဗင်းတူဂဲသား"ဆိုတာ ၉၂
၁၃။ အပျိုစင် ၉၉
၁၄။ အလှ၏တန်ဖိုး ၁၀၃
၁၅။ အားမကျချင်စမ်းပါနှင့်ကွယ် ၁၀၈
၁၆။ ခေတ်ဆန်ခြင်း၊ ခေတ်မီခြင်း ၁၁၅

● **ဆရာမကြီးနုယဉ်၏ ဆောင်းပါးများ** ၁၁၉

၁။ ကဗျာချစ်တဲ့ အပျိုစင်လေးများ ၁၂၀
၂။ အောင်သွယ်ဆိုတာ ၁၂၉
၃။ ထိုမိန်းမ ၁၃၅
၄။ မိန်းမတို့အကြောင်းမျှသာ ၁၄၃
၅။ လူချွန်လူကောင်းမိန်းမသားနှစ်ယောက် ၁၅၁
၆။ ဂုဏ်ဆိုတာ ငွေကိုခေါ်တယ်တဲ့ ၁၆၀
၇။ ဝါတွင်းချိန်မှာ အေးရိပ်ရှာ ၁၆၈
၈။ ကြီးကြီးမေပြောပြတဲ့ဇာတ်ကြမ်း ၁၇၅
၉။ ကိန္နရဒေဝီမဟေသီ ၁၈၄
၁၀။ သုပဟောနန္ဒီ ၁၉၃
၁၁။ ဖတ်တတ်လျှင်သုတ၊ မဖတ်တတ်လျှင်ရာဂ ၂၀၂
၁၂။ တစ်ပွင့်တန် ၂၀၉


□

mgyoe.com

mgyoe.com

# ပြောရဦးမယ်

သမီးလေး၊ မြေးလေးတို့ကို ဘဘကြီး ပြောရဦးမယ်။ ဟိုးလွန်ခဲ့တဲ့ သုံးနှစ်ကျော်က အပျိုစင်မဂ္ဂဇင်းထုတ်မယ်။ ဘဘကြီး၊ မေမေကြီးတို့ကို လာပြီးပြောတယ်။ ဆောင်းပါးရေးပေးပါတဲ့။ ဘဘကြီးကမင်းတို့က အပျိုစင်ပရိသတ်အတွက်ထုတ်တဲ့ မဂ္ဂဇင်းမှာ ငါတို့လိုအဘိုးကြီး အမယ်ကြီးတို့က ဘာရေးပေးရမှာလဲလို့။

အယ်ဒီတာက ပြောတယ်။ ဆရာကြီး၊ ဆရာမကြီးတို့က အပျိုစင်ကလေးတွေကို ဆုံးမဩဝါဒပေးပါ။ အဲဒီလိုပြောတော့ ဘဘကြီးကပြန်ပြောတယ်။ ခုခေတ်ကလေးတွေဟာ ဆုံးမစကားကို နာခံရတာအောက်တယ်လို့ထင်ကြတယ်။ တို့ကြောင့် မင်းတို့မဂ္ဂဇင်း နာသွားမှာပေါ့လို့။

နာမှာမဟုတ်ပါဘူး၊ ဆရာကြီး၊ ဆရာမကြီးတို့က စေတနာဖြူဖြူစင်စင်နဲ့ ပြောကြတာကို နားထောင်ချင်ကြတဲ့ အမျိုးသမီးကလေးတွေ အများကြီးပါ။

သူ့စကားမှန်ကြောင်း ပထမလထွက် စာစောင်မှာတင် သိရပါတယ်။ သမီးလေးတို့ မြေးလေးတို့က တုံ့ပြန်မှုမှန်လှပါတယ်။ အစ

mgyoe.com

mgyoe.com


ကတည်းကပဲ အဆုံးအမကို ခံယူချင်ကြတဲ့ အပျိုစင်ကလေး တော်တော်များတာ သိရပါတယ်။ နောက်လထုတ်တွေအတွက် ဘဘကြီးတို့ ရေးအားရှိသွားတာပေါ့။

အဲဒီလိုနဲ့ ဘဘကြီးနဲ့ မေမေကြီးတို့က ကိုယ့်သမီး၊ ကိုယ့်မြေးရင်းတွေလို စေတနာနဲ့ တတ်အားသမျှ ရေးကြတာပဲ။ သမီးလေး၊ မြေးလေးတို့ဆီက ဘဘကြီးတို့ရဲ့ စေတနာကို နားလည်ကြောင်းပြတဲ့ သဘောနဲ့ အပျိုစင်သို့ပေးစာတွေမှာ လစဉ်လတိုင်း ဘဘကြီး၊ မေမေကြီးတို့ရဲ့ ဆောင်းပါးတွေကို ကြိုက်နှစ်သက်ကြောင်း ဖော်ပြကြတယ်။ (အခုနောက်ပိုင်းမှာ လေးလေးကံချွန်ရဲ့ ဆောင်းပါးတွေကို လည်း သဘောကျကြကြောင်း သိရပါတယ်။)

အဆုံးအမခံယူတဲ့ သဘောထားဟာ အင်မတန် သင့်မြတ်လှပါတယ်။ လူတိုင်းဟာ အဆုံးအမ ခံယူကြရမှာပဲ။ ငယ်စဉ်က ကြီးရင့်တဲ့အထိပဲ အဆုံးအမ လိုအပ်ပါတယ်။ ဘဘကြီးတို့လို အသက်အရွယ်ကြီးတွေကလည်း ဘာသာရေးအဆုံးအမကို နေ့စဉ်နေ့တိုင်း ခံယူကြရတယ်။ အဆုံးအမဆိုတာ သတိပေးတာမျိုးပဲပေါ့။ သတိဆိုတာ ပိုတယ်မရှိဘူး။ လိုရင်သာ လိုတယ်။

ဘဘကြီး၊ မေမေကြီးတို့ဟာ သမီးလေး၊ မြေးလေးတို့ဘဝမှာ ကောင်းမွန်အောင်မြင်ခြင်းတို့နဲ့ ပြည့်ဝနေတာကို အမြဲမျှော်မှန်းတယ်။ ဆုံးမတယ်ဆိုတာဟာ သိကြတဲ့အတိုင်းပဲ။ စေတနာမွန်အပြည့်နဲ့ ဘဘကြီးတို့ တစ်သက်လုံး ဆည်းပူးလာခဲ့တဲ့ အတွေ့အကြုံ၊ အတွေးအခေါ်၊ ဆင်ခြင်သုံးသပ် ဝေဖန်မှုတွေက ရလာတဲ့ ပညာဗဟုသုတတွေကို ငယ်ရွယ်နုနယ်သေးတဲ့ သမီးလေး၊ မြေးလေးတို့ရဲ့ ဘဝပြဿနာတွေကို ဖြေရှင်းရာမှာ အထောက်အပံ့ဖြစ်စေမယ့် အသိပညာကို ပေးတာပဲ။ အဲဒီတော့မှ မဖြစ်သင့်တာ မဖြစ်အောင်၊ မပြုသင့်တာ မပြုဖြစ်မှာပဲ မဟုတ်လား။

mgyoe.com

mgyoe.com


ဘဘကြီးတို့ ဆုံးမတာကတော့ သမီးလေး၊ မြေးလေးတို့ရဲ့ အရေးအကြီးဆုံးဖြစ်တဲ့ အချစ်နှင့်အိမ်ထောင်ရေး ပြဿနာတွေကို အတတ်နိုင်ဆုံး ကြိုးစားပြီး သတိပေးတဲ့အနေနဲ့ ထောက်ပြညွှန်ပြခြင်းဖြင့် ဖြေရှင်းဖို့အရေးမှာ အထောက်အကူပေးနေကြတာပဲ။ သမီးလေး၊ မြေးလေးတို့ သိရောပေါ့။ ဘဘကြီးတို့ဟာ တစ်နိုင်ငံလုံး မြန်မာအမျိုးသမီးလေးတွေကို လိမ္မာရေးခြားရှိပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး မိမိတို့ရဲ့ဘဝ သာယာစေဖို့ ထားရှိတဲ့ စေတနာကို ဆောင်းပါးများနဲ့ အမြဲဖော်ထုတ်ပြနေတာပါပဲ။

ကျေးဇူးတင်ပါတယ်။ ဘဘကြီး၊ မေမေကြီးတို့ရဲ့ ဆောင်းပါးတွေကို ဂရုတစိုက်ဖတ်ပြီး စဉ်းစားချင့်ချိန် ဝေဖန်သုံးသပ်ပြီး လက်ခံကြတာ ကျေးဇူးတင်ပါတယ်။ အဲဒီလို ဆင်ခြင်သုံးသပ်ဝေဖန်တဲ့ အကျိုးကြောင့် မမှားသင့်တာ မမှားကြဘူး၊ မဖြစ်သင့်တာ မဖြစ်ရဘူးဆိုပြီး မိမိရဲ့ဘဝကို ထိန်းသိမ်းစောင့်ရှောက်ပြီး မိမိနဲ့ပတ်သက်တဲ့ အသိုင်းအဝိုင်းအားလုံး (အထူးသဖြင့် မိဘဆွေမျိုး)တို့ကို စိတ်ချမ်းသာခြင်း ဖြစ်စေတယ်ဆိုတာကို သိရရင် ဘဘကြီးတို့ ဝမ်းမြောက်ဝမ်းသာရှိမှာပါပဲ။

ဘဘကြီးနဲ့ မေမေကြီးတို့ရဲ့ ဆောင်းပါးတွေဟာ သုံးနှစ်ကျော်ကာလရောက်တော့ အတော်များနေပါပြီ။ အဲဒီဆောင်းပါးတွေကို စုစည်းပြီး စာအုပ်အဖြစ် ထုတ်လုပ်ဖြန့်ချိရင် ကောင်းပါလိမ့်မယ်လို့ အကြံပေးချက်တွေ ရရှိပါတယ်။ ဘဘကြီးတို့ကိုလည်း သမီးလေး၊ မြေးလေးတို့က ကြုံကြိုက်တိုင်း စာအုပ်အဖြစ် ထုတ်ပေးစေလိုတဲ့ အကြောင်းကို ပြောလာကြတယ်။ အဲဒီအကြံပေးချက်ဟာ သင့်မြတ်ပေတယ်။ ဆောင်းပါးတွေအားလုံး စုစည်းပြီး တစ်ဆက်တည်းဖတ်လိုက်ရရင် ဘဘကြီးတို့ စေတနာသဘောထား ထင်မြင်ခံယူချက်တွေဟာ ပိုပြီး ထင်ရှားပီပြင်လာပေလိမ့်မယ်။ သမီးလေး၊ မြေးလေးတို့အဖို့လည်း

mgyoe.com

mgyoe.com


အရင်က ဖတ်လိုက်မိကြရုံနဲ့ မပြီးသေးဘဲနဲ့ အခါအခွင့်ကြုံတိုင်း ပြန်ဖတ်ရပြီး ပညာရလို့ တခြားအမျိုးသမီးကလေးတွေကိုလည်း ဖတ်ရှုစေဖို့ ဖြန့်ဝေမယ်ဆိုရင် မြန်မာအမျိုးသမီးကလေးတွေရဲ့ ဂုဏ်ဒြပ်ဟာ ပိုမိုပိပြင်ခိုင်ခံ့မှာ အမှန်ပါပဲ။

ဘဘကြီး၊ မေမေကြီးတို့လည်း သမီးလေး၊ မြေးလေးတွေရဲ့ ဆန္ဒကို ရှေ့ရှုပြီးတော့ ဆက်လက်ရေးသားနေမှာပါပဲ။ ဘဘကြီးတို့ရဲ့ တစ်သက်တာ တာဝန်တစ်ခုအနေနဲ့ပေါ့။

တက်တိုး

❐

mgyoe.com

mgyoe.com

# မင်္ဂလာပါ အပျိုစင်

၁၉၉၃ ခုနှစ်၊ စက်တင်ဘာလတွင် "အပျိုစင်"အမည်ဖြင့် အမျိုးသမီးမဂ္ဂဇင်း ထုတ်ဝေတော့မည်ဖြစ်၍ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးက ကျွန်မတို့ထံလာ၍ အပျိုစင်မဂ္ဂဇင်းအတွက် မိန်းမပျိုလေးများ အသိဉာဏ်တိုး၍ အနာဂတ်အကျိုးရှိစေမည့် ဆောင်းပါးမျိုး ပါဝင်ကူညီရေးပေးပါရန် တောင်းဆိုလာပါသည်။

အမျိုးသမီးမဂ္ဂဇင်း ရှားပါးနေသောအခါဖြစ်၍ ကျွန်မတို့ အားရဝမ်းသာ ရှိကြသည်။ အမျိုးသမီးမဂ္ဂဇင်းစစ်စစ် သီးသန့်ထွက်စေချင်သော ဆန္ဒ ကျွန်မတို့ရင်ထဲမှာ အမြဲရှိနေခဲ့ကြသည်။ အထူးသဖြင့် အမျိုးသမီးငယ်ဖြစ်သော "အပျိုစင်လေး"များအတွက် ကိုယ်ကျင့်တရားနှင့် မြန်မာ့ယဉ်ကျေးမှု မပျက်ပြားစေဖို့နှင့် မြန်မာအမျိုးသမီးတို့၏ အမျိုးမာန်၊ အမျိုးဟန်များ မပျက်ပြားစေလိုသော စေတနာကို မြန်မာအမျိုးသမီး အပျိုစင်ကလေးများ ခံယူတတ်ကြစေဖို့ရာ စဉ်းစားမိ၍ "အပျိုစင်မဂ္ဂဇင်းမှာ ကျွန်မတို့ လွတ်လပ်စွာရေးသား၍ ဖြစ်ပါ့မလား၊ ချုပ်ချယ်သောမူမျိုး ချထားခြင်းများ ရှိပါသလား"ဟု မေးရပါသည်။

တောင်းဆိုသူက "အပျိုစင်လေးများအတွက် အကျိုးရှိရာ ရှိ

mgyoe.com

mgyoe.com


ကြောင်း ရေးသားပေးပါရန်နှင့် လွတ်လပ်ခွင့် ရှိ၊ မရှိကို ပြောစရာပင် မလိုပါ။ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ရေးနိုင်ပါသည်"ဟု လွတ်လပ်စွာပင် ပြောဆိုပါသည်။

ထို့ကြောင့် မဂ္ဂဇင်းတစ်စောင်က စာရေးဆရာအား ယုံကြည်စွာ လွတ်လပ်ခွင့်ပေး၍ နှင်းအပ်လာသော စာပေတာဝန်တစ်ရပ်ကို ကျွန်မ တို့က ဝမ်းသာစွာလက်ခံပြီးလျှင် မြန်မာမိန်းကလေး မိန်းမငယ်တို့၏ လူ့ဘဝ စတင်ချိန်မှစ၍ အမျိုး၊ ဘာသာ၊ ပညာနှင့် သက်ဆိုင်ရာ ဗဟု သုတ အထွေထွေကို သင့်လျော်အောင် ညွှန်းဆိုပြောပြရမည့် အကြောင်းအရာများကို စတင်စဉ်းစားနေခဲ့ကြရပါသည်။

စာပေဟူသည် လွတ်လပ်ခွင့်ရှိမှသာလျှင် တိုးတက်မှုရှိနိုင် သည်။ လွတ်လပ်စွာ တွေးတောကာ လွတ်လပ်စွာရေးသားနိုင်သည့် ခံယူချက်ရှိနေသော အပျိုစင်မဂ္ဂဇင်းတွင် ကျွန်မတို့ လွတ်လပ်စွာ၊ မှန် ကန်စွာ တွေးတောလျက် ယုံကြည်ချက်စေတနာဖြင့် စတင်ရေးသားခဲ့ ရာတွင် ယနေ့ သုံးနှစ်ကျော်လာခဲ့သည့်တိုင်အောင် ကျွန်မတို့၏ ရေးသားပေးပို့သမျှ စာများကို စာလုံးလေးတစ်လုံးမျှ ဖြတ်တောက်ပယ် ချခြင်း မရှိခဲ့ဘဲ အရှိကိုအရှိအတိုင်းသာ ထည့်သွင်းခဲ့သည်ကို သိရှိရပါ သည်။

စာရေးဆရာနှင့် ထုတ်ဝေသူတို့ ယုံကြည်မှုအရင်းခံလျက် ဆက်ဆံလာကြရာတွင် ရရှိသော အကျိုးအမြတ်သည်ကား ထိုစာပေ များ အစဉ်အမြဲတိုးတက်ကာ စာဖတ်သူတို့ကလည်း ယုံကြည်မြဲ၊ နှစ် သက်မြဲ၊ စွဲလမ်းတောင့်တမြဲရှိနေကာ စာပေမှ အလိမ္မာစိတ် ရရှိနေသော အကြောင်းကို သိရှိလာရခြင်း ဖြစ်ပါသည်။

ကျွန်မတို့သည် အပျိုစင်လေးများ၏ ငယ်ဘဝကို ဦးတည်ချက် ထားပြီး စဉ်းစားမိသောအခါ တရွေ့ရွေ့အသက်ရကာ ကြီးပြင်းလာကြ ရဦးမည့် သူတို့၏ မိန်းမသားဘဝကို လှမ်းမျှော်၍ တွေးမိလာပါသည်။

mgyoe.com

mgyoe.com


လိမ္မာသော အပျိုစင်သည် အရွယ်ရ၍ မိန်းမဘာဝ ပီပီသသ ဖြစ်လာရ သောအခါ ငယ်ဘဝမှာထက်ပို၍ တန်ဖိုးရှိကာ လူ့လောကမှာ နေပျော် ထိုင်ပျော်ရှိသော အခြေအနေမျိုး ရရှိနိုင်တော့မည်မှာ မလွဲသာဟု ဆက် လက်၍ စဉ်းစားမိလေသည်။

ထို့ကြောင့် အပျိုစင်များအတွက်သာဟု သီးသန့်မရှိတော့ဘဲ အပျိုစင်မှ အရွယ်ရမိန်းမဘာဝ အမျိုးမျိုးကို လေ့လာတွေးတော သုံးသပ် ဝေဖန်ကာ မိမိကြုံခဲ့ရ၊ ကြုံခဲ့ပြီး၊ ကြုံရဆဲ ပတ်ဝန်းကျင်ရှိ မိန်းမဘာဝ ဖြစ်ထွေများကို အလျဥ်းသင့်သလို တင်ပြရခြင်းသာ ဖြစ်ပါသည်။ မိန်းမတို့၏ ဘဝဖြစ်ထွေကို တင်ပြရာ၌ ဓမ္မဓိဋ္ဌာန်ဖြင့်သာ မိမိကိုယ်မိမိ ယုံကြည်ချက်ရှိထားပြီ ဖြစ်သောကြောင့် ပွင့်လင်းလွတ်လပ်စွာ ရေး သားရ၍လည်း စာရေးသူမှာ ကျေနပ်မှုရရှိနေပါသည်။

အပျိုစင်လေးများအဖို့ အဆုံးအမကဏ္ဍအဖြစ် သီးသန့်နာမည် ထည့်သွင်းထားသည်ကို ဘဝင်မကျစရာ ရှိခဲ့ရပါသည်။ အကြောင်းမှာ ကျွန်မတို့လူကြီးများအနေဖြင့် မိုက်မဲသူကို တွေ့ရလျှင်သာ ဆုံးမရမည် ဖြစ်ရာ အပျိုစင်တို့မှာ မိုက်မဲသူများ မဟုတ်ကြ။ အသိအလိမ္မာနည်း၍ မလိမ်မိုးမလိမ္မာကလေးတွေသာ ဖြစ်ကြရာ သူတို့ကို စိတ်ထားတတ် ပြီး အစစအရာရာမှာ ယဉ်ကျေးစွာ မြော်မြင်မှု ရှုတတ်ကြစေဖို့ လမ်းညွှန်သင်ပြရမည်သာ ဖြစ်ပါသည်။ အမေက မသွန်သင်တတ် လျှင် သမီး မိုက်မဲသွားတတ်သည်သာပင်။ မလိမ်မိုး မလိမ္မာ အပျိုဖြစ် စ စင်ကြယ်သော အပျိုစင်ကလေးများသည် ပင်ကိုက မိုက်မဲလာကြ ရခြင်း မရှိပါ။ ပတ်ဝန်းကျင်ကြောင့်သာ အတွေးမှား ခံယူချက်မှားတို့ ကြောင့် လမ်းမှားရောက်ဖို့ မိုက်မဲသွားကြရခြင်းသာဟု ထင်မြင်တွေး တောမိပါသည်။ ယခု ကျွန်မတို့ လေ့လာသုံးသပ်မိလေသမျှသော အပျိုစင်တို့မှာ မမိုက်ကြပါ။ သူတို့ကို ဆုံးမဖို့ပင် မလိုပါ။ သို့ရာတွင် အမှားနှင့်အမှန်ကို သိနိုင် တွေးတောနိုင်ကြဖို့ကိုတော့ လူကြီးများက

mgyoe.com

mgyoe.com


လမ်းပြသွန်သင်ဖို့ ရှိနေပါသည်။

ထိုအချက်အလက်များကို စဉ်းစားမိရာတွင် စာပေသည် လူကြီးမိဘတို့၏ နှုတ်ဖြင့်သွန်သင်ကြရခြင်းထက် အစွမ်းထက် အရာရောက်ပါသည်။ အမေက တစ်ခွန်းပြော၊ နှစ်ခွန်းပြော ပြောသည်ကို နားညည်းလာနိုင်သော်လည်း စာဖတ်၍နေရသော အပျိုစင်တို့မှာ ဖတ်၍မဝနိုင်၊ ခံစား၍မဝနိုင်၊ မှတ်သား၍မဝနိုင်သော အခြေအနေကို ရရှိစေပါသည်။ စာပေ၏အနုပညာအလှသည် မည်မျှထိအောင် ဆွဲဆောင်နိုင်စွမ်းရှိသည်ကို စာဖတ်နေသူကိုယ်တိုင် သိချင်မှသိပေမည်။ သို့ရာတွင် သူဖတ်နေရသော စာပေကို သူ စွဲလမ်းနှစ်ခြိုက်လျက်ရှိကာ ထိုစာပေကို အပြတ်မခံနိုင်လောက်အောင် သူ့စိတ်ထဲမှာ ခံစားနေလျက် ရှိပေသည်။

စာဖတ်သူ အပျိုစင်သည် တွေးတောမြော်မြင်တတ်သော အသိဉာဏ် ရင့်သန်နေကာ မိုက်မဲမည်မဟုတ်ပါ။ သူဖတ်နေသောစာထဲမှ အသိဉာဏ်ပေး အနုပညာက သူ့ကို မမိုက်ဖို့ရာ အမြဲသတိပေးလျက်ရှိနေပေသည်။ အဘယ်ကြောင့်ဆိုသော် အပျိုစင်မဂ္ဂဇင်းတွင် ကျွန်မတို့လူကြီးများအနေဖြင့် လူငယ်များအတွက် ရေးသားရသော စာတို့မှာ ဖျော်ဖြေမှုမပါဘဲ အသိဉာဏ်များ ပွင့်လင်းကြရန်ကိုသာ ဦးစားပေးကာ ဖွဲ့ဆိုရသော "စာလေးများ"ဖြစ်ပါသည်။ ထို "စာလေး"များကို စာပေအရသာ ခံယူတတ်သော စာဖတ်သူတို့မှာ အပျိုစင်လေးများသာ ဖြစ်နေပေသည်။ စာဖတ်ရာတွင် ဖျော်ဖြေမှုအတွက်သာ မဖတ်ဘဲ ပညာရဖို့ကိုသာ ရည်ရွယ်၍ ထိုစာလေးများကို ဖတ်ကာ မှတ်ကာ မွေ့လျော်နေကြသော အပျိုစင်တို့မှာ စာထဲမှာ အလိမ္မာရှာတတ်သူများသာ ဖြစ်နေတတ်ကြောင်း သိရှိရပါသည်။ အလိမ္မာစာမှာရှာဆဲ၊ နောက်လည်းဆက်လက်၍ ရှာယူဆည်းပူးလိုကြသော အပျိုစင်တို့က မှတ်၍နေချင်လျက် ရှိကြောင်းကို အလျဉ်းသင့်၍ သူတို့ထံမှ ကျွန်မတို့ထံ အပျိုစင်မဂ္ဂဇင်းမှတစ်ဆင့် ပြောကြသည်များကို မှတ်မိသမျှ အောက်တွင်

mgyoe.com

mgyoe.com


ကောက်နုတ် ဖော်ပြလိုက်ရပါသည်။

သို့

အပျိုစင်မဂ္ဂဇင်း၊ ၁၉၉၃၊ အမှတ် (၃)၊ နိုဝင်ဘာလ
အထူးနှစ်သက်ပါသည်။

ယခု စက်တင်ဘာလမှစ၍ ထွက်လာသော အပျိုစင်မဂ္ဂဇင်းကို ဖတ်ရှုရပါသည်။ အထူးကြိုက်နှစ်သက်ပါသည်။ (၁) ဆရာတက်တိုး ရဲ့ အပျိုစင်အကြောင်းကို ပြည့်စုံစွာ ရှင်းလင်းရေးသားထားမှုမှာ အထူး ကောင်းမွန်ပါသည်။ မိန်းကလေးတိုင်း လေ့လာဖတ်ရှုသင့်သည်ဟု ထင်ပါသည်။ (၂) နုယဉ်-ဏ္ဍန္ဒြေရှင် အဓိပ္ပာယ်ကို ပြည့်စုံစွာ ရေးထား ပါသည်။ ယခုခေတ် လူကြီးလူငယ်အားလုံး ကိုယ်ကျင့်တရားနှင့် ပတ် သက်ပါသည်။ အတုယူ မှတ်သားစရာ ကောင်းပါသည်။

မစန္ဒာ
သုဝဏ္ဏမြို့ (ရန်ကုန်)

၁၉၉၄- ဇန်နဝါရီလ၊ မဂ္ဂဇင်းအမှတ် (၁)။

သို့

အပျိုစင်

(၁) တက်တိုးရဲ့ "အချစ်ဆိုလား ဘာဆိုလား"ဆောင်းပါးကို
နှစ်သက်ပါတယ်။

မျိုးသန္တာထွန်း
တာမွေ (ရန်ကုန်)

၁၉၉၄-ဩဂုတ်လ မဂ္ဂဇင်း၊ အမှတ် (၈)။

သမီးအကြိုက်ဆုံးကတော့ ဆရာကြီး (ဦး)တက်တိုးရဲ့ ဆောင်းပါးတွေပါပဲ။

အေးနန္ဒာအောင်
ပုလဲမြို့။

mgyoe.com

mgyoe.com


ဘာဘကြီးတက်တိုးရဲ့ ဆောင်းပါးတွေကိုလည်း အထူးနှစ်သက်မိပါတယ်။ သမီးတို့ အပျိုစင်ကလေးတွေကို လမ်းမှားမရောက်အောင် သိသင့်သိထိုက်သည်များကို တစ်လနှင့်တစ်လ မရိုးအီနိုင်အောင် ဆန်းသစ်သော အရေးအသားများနှင့် ဆုံးမသွန်သင်မှုများကို ရှိသေလေးစားစွာ မှတ်သားနာယူလျက်ပါရှင်။

စံမိုလှိုင်
မော်လမြိုင်။

၁၉၉၄၊ စက်တင်ဘာလ၊ မဂ္ဂဇင်းအမှတ် (၉)။

ဆရာမနုယဉ်ရဲ့ "အိမ်တွင်းမှုလုပ် သိမ်းထုတ်သေချာ"ကို လစဉ်ဆက်တိုက် ရေးသင့်ပါတယ်။ ဆရာတက်တိုးရဲ့ ဆောင်းပါးကလည်း စေတနာများစွာနှင့်မို့ မိန်းကလေးတွေအတွက် နှစ်သက်မြတ်နိုးစွာ ဖတ်သင့်ပါတယ်။

လေးစားလျက်

မိုးစုဆိုးစံ
မိုးကုတ်။

၁၉၉၄၊ နိုဝင်ဘာလ၊ မဂ္ဂဇင်း အမှတ် (၁၁)။

သမီးက အပျိုစင်မဂ္ဂဇင်းတွေထဲက ချစ်ပရိသတ်တစ်ဦးပါ။ မဂ္ဂဇင်းထဲမှာပါတဲ့ ဆရာတက်တိုးရဲ့ ဆုံးမစာတွေကို သမီး အကြိုက်ဆုံးပဲ။

တင်နှယ်ထွန်း
အုတ်စက်ရုံ (၃)
မတ္တရာ။

mgyoe.com

mgyoe.com


အပျိုစင်ဟာ သမီးတို့အတွက် အဖော်မွန်ကောင်းတစ်ယောက်လို့ ထင်ပါတယ်။ ဘဘကြီး ဦးတက်တိုးရဲ့ဆောင်းပါးတွေကို သမီး အကြိုက်ဆုံးပါပဲ။

သံယောဇဉ်၊ ထွန်းနောင် (မန္တလေး)

အဆိုင်းက အပျိုစင်ရဲ့ ထာဝရပရိသတ်ပါ။ (ဘဘ)တက်တိုးရဲ့ ဆောင်းပါးတွေကို အရမ်းနှစ်သက်မိပါတယ်။

ဂျဂျယ်လီရွယ်ဆိုင်း
(အ–ထ–က) မန်စီမြေ။

၁၉၉၄၊ ဒီဇင်ဘာလ၊ မဂ္ဂဇင်းအမှတ် (၁၂)။

အပျိုစင်ကို ကောင်းသည်ထက်ကောင်းစေချင်လို့ နည်းနည်း ဆွေးနွေးချင်ပါတယ်။ ပထမဆုံးပြောချင်တာက ဘဘကြီးတက်တိုးရဲ့ ဆုံးမစာများဟာ အလွန်ကောင်းပါတယ်။

မေကလေး (မေဇွန်ဦး)
ရန်ကုန်။

၁၉၉၅၊ ဖေဖော်ဝါရီလ၊ မဂ္ဂဇင်းအမှတ် (၂)။

၉၄– ဒီဇင်ဘာလထဲက ဘဘဦးတက်တိုးရဲ့ အဆုံးအမကို အရမ်းသဘောကျတယ်။

မိုးရွာသွန်း
ကုန်သည်လမ်း
စစ်တွေ။

mgyoe.com

mgyoe.com


၁၉၉၅၊ မတ်လ၊ မဂ္ဂဇင်းအမှတ် (၃)။

သမီးက ဘဘကြီး၊ မေမေကြီးတို့ရဲ့ ဆောင်းပါးတွေကို သိပ်ကြိုက်ပါတယ်။

သဥ္ဇာစိုးမြတ်
ရွှေဝ

၁၉၉၅၊ မေလ၊ မဂ္ဂဇင်းအမှတ် (၅)။

ဇန်နဝါရီလထုတ်ထဲက ဆရာတက်တိုးရဲ့ သတိပေး ဆုံးမစာတွေဟာ အသိမကြွယ်သေးတဲ့ အပျိုစင်လေးတွေအတွက် အသင့်တော်ဆုံးပါပဲ။

မရှယ်လီမိုမို (မနောမြေ)

၁၉၉၅၊ ဇူလိုင်လ၊ မဂ္ဂဇင်းအမှတ် (၇)။

အပျိုစင်မှာပါတဲ့ ကဏ္ဍတိုင်းကို နှစ်သက်လို့ ခုလိုစာရေးလိုက်ခြင်း ဖြစ်ပါတယ်။ အထူးသဖြင့် ဘဘကြီးတက်တိုးနဲ့ မေမေကြီး ဒေါ်နယဉ်တို့ရဲ့ ဆုံးမစာဆောင်းပါးတွေပါပဲ။

မှိုင်းငယ်ငယ်
မြောက်ပိုင်းရှမ်းပြည်နယ်။

သမီးက အပျိုစင်ရဲ့ ပင်တိုင်စာဖတ်ပရိသတ်တစ်ဦးပါ။ သမီးတို့မိန်းတလေးတွေအတွက် အပျိုစင်က မရှိမဖြစ် လိုအပ်တဲ့ မဂ္ဂဇင်းတစ်ခုပါ။ ဆရာကြီးဦးတက်တိုးရဲ့ ဆုံးမစာတွေကို သမီး အလွန်နှစ်သက်ပါတယ်။

အေးအေးနိုင် (ရန်ကုန်)

mgyoe.com

mgyoe.com


သမီးတို့ ခေတ်လူငယ်တွေအတွက် ပညာပေး ဗဟုသုတစုံလင်တဲ့ အပျိုစင်ကို အမြဲအားပေးနေမှာပါ။ ဘဘဦးတက်တိုးရဲ့ ဆုံးမစာတွေကို ဖတ်ရတာ အများကြီးသင်ခန်းစာတွေ ရပါတယ်။

ချစ်သမီး–မီးမီး

၁၉၉၅၊ အောက်တိုဘာလ၊ မဂ္ဂဇင်းအမှတ် (၁၀)။

ဘဘဦးတက်တိုးရဲ့ "ပန်းကုံးစွပ်ပွဲရဲ့ ပဏာမ"တို့လို အတုယူစရာတွေလည်း အမြဲဖတ်လိုပါတယ်။

ခင်မြမွန် (ရန်ကုန်)

၁၉၉၅၊ ဒီဇင်ဘာလ၊ မဂ္ဂဇင်းအမှတ် (၁၂)။

အောက်တိုဘာလထုတ်မှာ "လစ်ခ်ဗင်းတူဂဲသား"နှင့် "အပျိုစင်ဂုဏ်"ဆောင်းပါးတွေဟာ သမီးတို့အတွက် သိပ်အဖိုးတန်တဲ့ ဆောင်းပါးတွေပါ။

မရင်မွန်ဦးခင်ခင် (ပြည်)

၁၉၉၆၊ ဇန်နဝါရီလ၊ မဂ္ဂဇင်းအမှတ် (၁)။

ဘဘဦးတက်တိုး၊ အန်တီနုယဉ်တို့ရဲ့ ဆုံးမစာတွေကလည်း သိပ်ကိုထိရောက်ပါတယ်။

ခင်မြမွန် (ရန်ကုန်)

၁၉၉၆၊ ဖေဖော်ဝါရီလ၊ မဂ္ဂဇင်းအမှတ် (၂)။

ကျွန်မတို့ မိန်းကလေးတွေအတွက် အပျိုစင်ဟာ အမြဲဖတ်သင့်တဲ့ စာအုပ်ဖြစ်လို့ ကျွန်မ အမြဲဖတ်ဖြစ်ပါတယ်။ ကျွန်မအကြိုက်ဆုံးက

mgyoe.com

mgyoe.com


တော့ ဘဘဦးတက်တိုးနဲ့ အမေဒေါ်နုယဉ်တို့ရဲ့ ဆုံးမစာကဏ္ဍတွေပါပဲ။ အခု ဇန်နဝါရီလမှာ အမေနုယဉ်ရဲ့ "ထိုမိန်းမ"ထဲက "မယ်ကာက"ကို ချီးကျူးမိသလို ဘဘရဲ့ဆုံးမမှုကိုလည်း လက်ခံမိပါတယ်။

မူမူအောင်မြေ (ချောက်)

၁၉၉၆၊ ဖေဖော်ဝါရီလ၊ မဂ္ဂဇင်းအမှတ် (၂)။

ဇန်နဝါရီလ နှစ်ဦးအပျိုစင်လေးကိုလည်း သဘောကျတယ်။ သူနဲ့တွေ့ဆုံပေးတော့ ပိုပြီးဝမ်းသာတယ်။ ဘဘဦးတက်တိုးရဲ့ "ကိုယ့်ဘက်က အကောင်းဆုံးဖြစ်ပါစေ"ဆိုတဲ့ အဆုံးအမဟာ သမီးတို့အပျိုစင်တွေအတွက် တကယ့်ကို အနှစ်သာရပါပဲ။

စုနှင်းပန်း (ပြည်)

မေက အပျိုစင်ကဏ္ဍတိုင်းကို စိတ်ဝင်စားတယ်။ အထူးသဖြင့်တော့ အမေးအဖြေ အတွေးအရေး ဘဘဦးတက်တိုးရဲ့ ဆုံးမစကားတွေ သုရောနန္ဒီလို အပျိုစင်မျိုးကို မေကလည်း မုန်းတယ်ရှင့်။

မနော‌မြေမှ မေ။

၁၉၉၆၊ မတ်လ၊ မဂ္ဂဇင်းအမှတ် (၃)။

ကျွန်မစိတ်ထဲမှာ မတင်မကျဖြစ်နေတာလေးတစ်ခုကို ပွင့်ပွင့်လင်းလင်း ပြောချင်ပါတယ်ရှင်။ အခုလမှာပါတဲ့ "ကဗျာချစ်တဲ့ အပျိုစင်လေးများ ဆောင်းပါး"နှင့် ပတ်သက်လို့ပါပဲရှင်။ ဘွားဘွားနုယဉ်က ပြောထားပါတယ်။ ရည်းစားရှိလာမှ ချစ်သူရှိလာမှ ကဗျာရေးလို့ ဖြစ်တယ်။ ချစ်သူရှိလာမှ ကဗျာကောင်းဖြစ်လာနိုင်တယ်တဲ့။ အဲဒါ ကျွန်မစိတ်ထဲမှာ မတင်မကျကြီး ဖြစ်နေတယ်။

နေမင်းရွှေရည် (တောင်ကြီး)

mgyoe.com

mgyoe.com



၁၉၉၆၊ ဧပြီလ၊ မဂ္ဂဇင်းအမှတ် (၄)။

မဂ္ဂဇင်းမှာပါရှိတဲ့ ကဏ္ဍတိုင်းလိုလိုကို နှစ်သက်ပါတယ်။ ဘဘဦးတက်တိုးရဲ့ အဆုံးအမများကိုလည်း သမီးတို့ အပျိုစင်များ လိုက်နာနိုင်မယ်ဆိုရင်တော့ အချစ်နဲ့ပတ်သက်တဲ့ သောကဝေဒနာတွေကို အနည်းအကျဉ်းလောက်ပဲ ခံစားကြရမယ်လို့ ထင်ပါတယ်။

ဆူး (အချစ်ဆူး) ရန်ကုန်။

ယခုလမှာ အဆုံးအမက ဘွားဘွားနုယဉ်ရဲ့ "အလို အပျိုစင် မောင့်ကိုခင်သည်"ကို ဖတ်ပြီး သိပ်စိတ်ကျေနပ်မိပါတယ်ရှင်။ ကျွန်မရဲ့ မတင်မကျတဲ့ စိတ်ကလေး ခုတော့ ရှင်းသွားပါပြီ။ "ချစ်ဦး"ဆိုတဲ့ အိုင်ချင်းကဗျာကလေးကိုလည်း သိပ်သဘောကျပြီး နမူနာယူ စမ်းရေးကြည့်ဖို့ တေးထားမိပါသေးတယ်ရှင်။

နေမင်းရွှေရည် (တောင်ကြီး)

အမေနုယဉ်ရဲ့ "ကဗျာချစ်တဲ့အပျိုစင်လေးများ"ကဏ္ဍမှာ သဥ္ဇာရဲ့ ကဗျာလေးကို ချီးကျူးဖော်ပြထားပြီး သိပ်နှစ်သက်တယ်ဆိုတာ သိရလို့ အမေနုယဉ်ကိုရော ဖော်ပြပေးတဲ့ အပျိုစင်ကိုပါ အင်မတန် ကျေးဇူးတင်လျက်ပါ။

သဥ္ဇာဂဏ္ဍေ (ငသိုင်းချောင်း)

၁၉၉၆၊ ဇွန်လ၊ မဂ္ဂဇင်းအမှတ် (၆)။

ဘဘကြီးဦးတက်တိုးရဲ့ ဆောင်းပါးကို အရင်ထားနေကျနေရာမှာ ထားတာဟာ အပျိုစင်မဂ္ဂဇင်းကို ကျက်သရေရှိရှိနဲ့ တင့်တယ်နေစေတယ်လို့ သမီးထင်ပါတယ်။

စိုးမာလာ (ဝန်းသို)

mgyoe.com

mgyoe.com


၁၉၉၆၊ ဩဂုတ်လ၊ မဂ္ဂဇင်းအမှတ် (၈)။
အတွင်းကဏ္ဍ၊ ရသမျိုး စုံစုံလင်လင်
ဘဘကြီးကတစ်မျိုး၊ မေမေကြီးကတစ်သွယ်
လစဉ်လနှယ်၊ နည်းလမ်းချယ်

နေနှောင်း (မင်းကင်း)။

၁၉၉၆၊ အောက်တိုဘာလ၊ မဂ္ဂဇင်းအမှတ် (၁၀)။

အပျိုလေးတွေ လမ်းမှားမလိုက် လမ်းမှန်ရောက်အောင် ဘဘကြီးကတစ်မျိုး၊ မေမေကြီးကတစ်သွယ် မိဘသဖွယ် ဆုံးမခဲ့တာ ပျိုမဒီတွေရဲ့အသည်းမှာ ဗဟုသုတ ရစေနိုင်ပါတယ်။

လင်းရတီဦး

သုံးနှစ်ကျော်ခဲ့ပေပြီ။ ကျွန်မတို့သည် အပျိုစင်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့နှင့် သဘောတူညီမှုရကာ မိမိရေးသားရမည့် စာပေအတွက် လွတ်လပ်ပွင့်လင်းစွာ ရေးသားနိုင်ခဲ့သောကြောင့် မိမိ၏စေတနာနှင့် ဆန္ဒရှိရာ အကျိုးသက်ရောက်စွာပင် အပျိုစင်လေးများထံမှလည်း ကျွန်မတို့ ရေးသားသော ပညာပေး စာလေးများကို သဘောကျနှစ်ခြိုက်စွာ ဖတ်ရှုစွဲမက်လျက် ခံယူချက်မှန်ကန်စွာ လိုက်နာကြဖို့ အာရုံရှိကြသည်ကို သိရှိရသောအခါ ဝမ်းမြောက်ကျေနပ်မှု ရလိုက်ပါသည်။ ထိုသို့ ကျေနပ်မှုရလိုက်သည်မှာ မိမိအတွက်မဟုတ်ဘဲ အသိပညာအဆင့်မြင့်တက်ကာ တွေးတောမြော်မြင်လာတတ်ကြတော့မည့် စာဖတ်သူ အပျိုစင်များအတွက်သာ ဖြစ်ပါသည်။

ကျွန်မတို့သည် စာပေဝန်ထမ်းအနေဖြင့် စာရေးရာတွင် ငွေကြေးအတွက် သက်သက်မဟုတ်ဘဲ ငယ်စဉ်ကတည်းက စာပေနယ်သို့ အစဝင်ရောက်ခဲ့ရာတွင် ငွေကြေးမျှော်လင့်ချက် လုံးဝမရှိသော ကလေး

mgyoe.com

mgyoe.com


စာပေကို ဦးဓောက်ချ၍ ဖျော်ဖြေမှုနှင့် ပညာပေး ရောယှက်သော အနုပညာ ပါရှိရာကို ကြိုးစားရေးသားခဲ့ရာတွင် ကလေးလူငယ်များ အဖို့ အကျိုးရှိသင့်သလောက် ရှိခဲ့ရသည်ကို သိရပါသည်။ ယခုအခါ ထိုကလေးလူငယ်များ လူလတ်ပိုင်းမှာ ရောက်ရှိနေသူတို့နှင့် ကြုံကြိုက် ရသောအခါမှာ သူတို့က စတင်နှုတ်ဆက်ကာ ငယ်စဉ်က ဗဟုသုတ ပညာရယူခဲ့ရသည့်အတွက် ကျေးဇူးတင်လျက်ရှိကြောင်း ပြောပြကြ သဖြင့် သိရှိရခြင်း ဖြစ်ပါသည်။ ယခုအခါ ကလေးလူငယ်စာပေကို ဆောင်ရွက်မြဲဆောင်ရွက်ရင်း လူငယ်ပိုင်းမှာရှိနေသော အပျိုစင် ကလေးများအတွက် အလျဉ်းသင့်သလို ပါဝင်ဆောင်ရွက်နိုင်ရခြင်းကို ဝမ်းသာကျေနပ်လျက်ပင် ရှိရပါသည်။

ယနေ့လူငယ် နောင်ခါဝယ် မြန်မာမျိုးဆက်သစ်များ မျိုးချပေး ကြရဦးမည့် ယနေ့ အပျိုစင်ကလေးများသည် အတတ်ပညာနှင့် အသိ ပညာအဆင့် မြင့်တက်ကာ ရှေ့သို့ ဆက်လက်၍ အသိပညာ ဆည်းပူး နိုင်ကြပါစေဟု ဆုတောင်းမျှော်လင့်လျက် ရှိပေသည်။

နုယဉ်

၁၉၉၆၊ နိုဝင်ဘာလ၊ (၁၈)ရက်။

❒

mgyoe.com

mgyoe.com

# ဆရာကြီးတက်တိုး၏
# အသုံးအမဆောင်းပါးများ

mgyoe.com

mgyoe.com



# အပျိုစင်ဘဝရဲ့ဂုဏ်ကို ထိန်းသိမ်းပါ

သမီးလေး၊ မြေးလေးတို့ကို ဘဘကြီးပြောခဲ့ပါတယ်။ ပညာတတ်အောင် ကြိုးစားကြပါလို့ ပြောခဲ့တယ်။ ပညာတတ်တယ်ဆိုတာဟာ တက္ကသိုလ်က ဘွဲ့ရတာကို ပဓာနညွှန်းတာ မဟုတ်ပါဘူး။ ကျောင်းပညာကို အကြောင်းအလျှည့်သင့်မှသာ သင်ယူနိုင်တာပါ။ တချို့မှာ တက္ကသိုလ်ရောက်တဲ့အထိ မသင်ယူနိုင်ကြဘူး။ ဘွဲ့မရဘူး။ ဒီလိုဆိုတော့ အဲဒီလူဟာ မျက်နှာငယ်ရမှာလား။ လူတစ်ယောက်ရဲ့ ပညာအဆင့်ကို တက္ကသိုလ်ဘွဲ့နှင့် အကဲဖြတ်တာ မမှန်ဘူးကွယ့်။

ဘွဲ့ရတိုင်း ပညာတကယ်တတ်တယ်ဆိုရင် မှန်ချင်မှမှန်မယ်။ ဘာဘွဲ့မှ မရဘဲ ပညာတော်နေသူတွေ အမျိုးသား၊ အမျိုးသမီးတွေထဲမှာ အများကြီးရှိတာပေါ့။ ဘွဲ့ရနိုင်ရင်လည်း ယူပါ၊ ဘွဲ့မရတဲ့အဖြစ်မျိုးကြောင့် ဘွဲ့မရလည်း မျက်နှာငယ်စရာ မရှိပါဘူး။ ဒါပေမဲ့ ပညာကိုတော့ တစ်သက်လုံး အဆက်မပြတ် ဆည်းပူးရမယ်။ လူ့တာဝန်တစ်ခုဟာ ပညာဆည်းပူးခြင်းဖြစ်တယ်။ ပညာဆည်းပူးတယ်ဆိုတာ ကျောင်းမှာသင်ကြားမှ မဟုတ်ဘူး။ ကျောင်းစာတတ်ဖို့ လိုတယ်ဆိုရပေမယ့် ဘွဲ့တွေဘာတွေ မရလည်း လူ့ဘဝမှာ လူဖြစ်ကျိုးနပ်အောင်

mgyoe.com

mgyoe.com


နေတတ်ရင် ဖြစ်ပါတယ်။

ဘဘကြီးဟာ သမီးလေး၊ မြေးလေးတို့ ပညာဆည်းပူးဖို့ အရင်ကလည်း ပြောခဲ့ဖူးပါပြီ။ အခုလည်း ပြောရဦးမယ်၊ နောင်လည်း ပြောရမှာပဲ။ ဘဝမှာ အရေးအကြီးဆုံးပစ္စည်းဟာ "ပညာ"ပဲကွယ့်။ ဒါကြောင့်မို့ ထပ်တလဲလဲ ပြောနေမှာပဲ။ နားမငြီးစေချင်ဘူး။ မိန်းကလေးတွေမှာ ပညာရှိဖို့ သိပ်အရေးကြီးတယ်။ ပညာမရှိရင် ဘဝပျက်နိုင်တယ်။ ပညာဆိုတာ ဆိုခဲ့ပြီးပြီမဟုတ်လား။ စာတွေအများကြီးတတ်ပြီး စာမေးပွဲတွေ အများကြီးအောင်တာကို မဆိုလိုပါဘူး။ ပညာဆိုတာ အမှန်နှင့်အမှား ခွဲခြားဝေဖန်ပြီး သိတတ်ဖို့၊ သတိအမြဲရှိဖို့၊ လုပ်သင့်တာကို လုပ်ရဲဖို့၊ မလုပ်သင့်တာကို ရဲရဲကြီးပယ်ဖို့၊ လိမ္မာသလို ရှောင်တတ်ဖို့ အဲဒါကို ဘဘကြီးက ပညာလို့ဆိုပါတယ်။

အဲဒီပညာရဖို့ စာများများဖတ်ရမယ်။ စာမျိုးစုံ ဖတ်ရမယ်။ ဖတ်တော့လည်း ဘိန်းမှိန်းသလို စည်းစိမ်ခံဖို့မဟုတ်ဘူး။ ပညာကို ရှာတတ်ရင် ရတယ်။ ကြားသိရတဲ့ အဖြစ်အပျက်တွေ၊ အဲဒီထဲမှာ အဓိပ္ပာယ်ရှိတဲ့ ဝတ္ထုတွေ၊ ကဗျာတွေ၊ ဆောင်းပါးတွေပါတယ်။ အဲဒီလိုဖြစ်ရပ်တွေကို သိနားလည်အောင် လေ့လာပြီးတော့ သင်ခန်းစာယူဖို့လိုတယ်။

'အလိမ္မာစာမှာရှိ'ဆိုတဲ့စကားကို တချို့က စောဒကတက်ကြတယ်။ စောဒက တက်သင့်ပါတယ်။ ဖတ်ပြီး အကျိုးရဖို့ဝေးစွ၊ အပြစ်တွေ ဖြစ်ဖို့သာများတဲ့ စာတွေရှိတာပေါ့။ အဲဒါမျိုးကိုဖတ်ရင် မကောင်းတဲ့ အတွေးအခေါ်တွေ၊ အကြံညဏ်တွေ ရနိုင်တယ်။ ယူချင်ရင် ရတယ်၊ မယူသင့်ဘူးလို့ 'ပညာ'သတိပေးလို့ ပယ်ရင်လည်း ပယ်နိုင်တယ်။ ပယ်ရုံတင်မကဘူး၊ သင်ခန်းစာအဖြစ် ယူပြီး ကိုယ်တွေ့အလားတူ အဖြစ်မျိုး ကြုံလာရင် ရှောင်နိုင်လိမ့်မယ်။ ရင်ဆိုင်ဖို့လိုရင်လည်း ရင်ဆိုင်ရမယ်။ ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်တဲ့ သတ္တိရှိနိုင်တယ်။ အဲဒီသတ္တမျိုး သမီးလေး၊ မြေးလေးတို့ လိုတယ်။

mgyoe.com

mgyoe.com


အဲဒီလို အလိမ္မာရတဲ့ စာတွေကိုလည်း ဖတ်၊ အမိုက်ရမယ့် စာတွေကိုလည်း ဖတ်ပြီး သင်ခန်းစာယူနိုင်ရမယ်။ ဒါကြောင့်ပြောတာပေါ့၊ စာမျိုးစုံဖတ်ရမယ်လို့။ စာဖတ်တိုင်းမှာ ဝေဖန်တဲ့သဘောထား ရှေ့ထားပြီး ဖတ်ရမယ်။ နာယူသင့်တာနှင့် ပယ်သင့်တာကို ခွဲခြား ဝေဖန်နိုင်အောင် သတိနှင့်ဖတ်ပါ။ ဖတ်ပြီးတိုင်း အဲဒီစာရဲ့တန်ဖိုးကို ဖြတ်ပါ။ စိစစ်ဝေဖန်သုံးသပ်ပြီး တန်ဖိုးဖြတ်ရလိမ့်မယ်။ ဒါမှ စာဖတ်ရကျိုး နပ်မယ်။ စာဆိုးစာမိုက်တွေကို ဖတ်ဖို့ကြုံလည်း ဖတ်ပါ။ ဒါပေမဲ့ အကျိုးမဲ့တဲ့စာ၊ အကျိုးပျက်စေမယ့်စာ၊ မကောင်းမှုကို အမွှမ်းတင်တဲ့စာ၊ အဲဒီလိုစာမျိုးကို ဖတ်လိုက်ရင် အစလောက်မှာပဲ စာအကြော သိနိုင်ပါတယ်။ အဲဒီတော့ ရပ်သင့်တဲ့စာကို ရပ်တန်းက ရပ်ရပါလိမ့်မယ်။ စာကောင်း၊ စာဆိုး၊ စာညံ့တို့ကို အကဲဖြတ်ရေးနှင့်ပတ်သက်လို့ အယ်ဒီတာတစ်ယောက်က ပြောတာ မှတ်သားစရာပဲ။

တစ်ခါက မိန်းမကြီးတစ်ယောက်က ဝတ္ထုရှည်စာမူတစ်ခုကို မဂ္ဂဇင်းတစ်စောင်ရဲ့ အယ်ဒီတာဆီ ပို့လိုက်တယ်။ စာရွက်တွေတွဲရာမှာ တစ်နေရာ နှစ်နေရာမှာ စာမျက်နှာတွေ ပြောင်းပြန်တလွဲစီပြီး ချုပ်ပေးလိုက်တယ်။ အယ်ဒီတာက သူ့စာမူကို ပယ်လိုက်ပြီး စာမူရှင်ဆီကို ပြန်ပို့လိုက်သတဲ့။ စာမူရှင်က စာတစ်စောင်ရေးပြီး စွပ်စွဲလိုက်တယ်။ "ရှင်တို့ဟာ ကျွန်မစာမူကို မဖတ်ဘဲနှင့် ပယ်လိုက်တယ်၊ စာမျက်နှာတွေ တလွဲစီပြီး ချုပ်ပေးလိုက်တာ လက်ရာမပျက်ပြန်ပေးလိုက်တာ၊ မဖတ်ဘူးဆိုတာ ထင်ရှားပါတယ်"တဲ့။ အယ်ဒီတာက ပြန်ကြားလိုက်တဲ့ စာတိုကလေးက "ကြက်ဥပြုတ်ကိုစားဖို့ ထိပ်ကိုဖောက်ပြီး လျှာနှင့်တို့လိုက်ရင်ပဲ ကြက်ဥဟာ အကောင်းလား၊ အပုပ်လား ချက်ချင်းသိနိုင်ပါတယ်"တဲ့။

အင်္ဂလိပ်အက်ဆေးဆရာ ပညာရှိကြီး ဖရန်စစ်ဘေကွန်က 'စာဖတ်ခြင်း'အက်ဆေးမှာ 'အချို့စာကို မြည်းကြည့်ရုံ ကြည့်အပ်၏။ အချို့

mgyoe.com

mgyoe.com


ကို သာမန်လျှောက်ဖတ်သင့်၏။ အချို့ကိုမူ ကြေညက်အောင် ဖြည်း ဖြည်းဖတ်ပြီး ထပ်ဖတ်ပြီးတော့ ကြေညက်အောင် ဖတ်အပ်ပေသည်'လို့ ဆိုတယ်။ အဲဒီတော့ သမီးလေး၊ မြေးလေးတို့ဟာ စာဖတ်တတ်အောင် ကြိုးစားကြပါ။ ကြုံတွေ့သမျှ စာတွေအားလုံးကို 'ဘေကွန်'နည်း အတိုင်း တွေ့ဖူး၊ ကြုံဖူးတယ်ဆိုရအောင် ဖတ်ပေတော့။

စာတွေများများဖတ်ဖို့ တိုက်တွန်းရတဲ့အကြောင်း ရှိပါတယ်။ ဘဝတစ်ခုမှာ ကောင်းတဲ့အတွေ့အကြုံတွေ၊ ဆိုးတဲ့အတွေ့အကြုံတွေ အပြုံလိုက်ရှိတယ်။ ကိုယ့်ဘဝမှာ အတွေ့အကြုံတစ်စုံသာ ရှိမယ်။ တစ်ဘဝတည်းသာ နေရလို့ပါ။ တစ်ဘဝတည်းရဲ့ အတွေ့အကြုံနှင့် ချည်း ကိစ္စမပြီးသေးဘူး။ သူတစ်ပါးဘဝတွေကိုလည်း သိနားလည်ပြီး လေ့လာရမယ်။ အဲဒီတော့မှသာ လူတစ်ယောက်ဟာ ဘဝအထွေထွေ ကို သိမြင်နားလည်သဘောပေါက်နိုင်မယ်။ ရယူစရာ သင်ခန်းစာတွေ (ဘဝသင်ခန်းစာတွေ) ရမယ်။ ကိုယ့်ဘဝကလေး တစ်ခုတည်းနှင့် ကိုယ့်ဘဝအတွက် ဘဝသင်ခန်းစာ ဘဝပညာမရနိုင်ဘူး။ ဒါကြောင့် စာများများဖတ်ပါလို့ အထပ်ထပ်အခါ တိုက်တွန်းနေရတာပေါ့။ "စာဖတ်ခြင်းသည် လူသားအား ပြည့်စုံစေသည်"လို့ ဘေကွန်က ဆို တယ်။ ပြည့်စုံတယ်ဆိုတာ ပညာပြည့်စုံတယ်လို့ ဆိုလိုတယ်။ ပညာထဲ မှာ အစစအရာရာ ပါသွားတယ်လို့ မှတ်ယူနိုင်ပါတယ်။ ပညာမရှိသူ ဟာ မိုက်မဲတယ်၊ မိုက်တယ်ဆိုတာ မှောင်မိုက်ထဲရောက်နေတာပဲ။ အမှန်အမှား ခွဲခြားမမြင်နိုင်တော့ အမှားလုပ်မိတာ များတာပေါ့။ သမီး လေး၊ မြေးလေးတွေ ဘဝက အမှားမခံနိုင်ဘူး။ တစ်ချက်မှားလိုက်ရင် တစ်သက်လုံး ပျက်စီးသွားနိုင်တယ်။ "လင်ကုန်ရှုံးတော့ တစ်သက်လုံး မှောက်"ဆိုတဲ့စကားဟာ ရှေးစကားပဲ။ ဒါပေမဲ့ မိန်းမပျိုကလေးများ အတွက် ခေတ်အဆက်ဆက် သတိပေးတဲ့စကားလို့ဆိုရင် မမှားဘူး။ မိန်းမသားဟာ အိမ်ထောင်ရေးကိစ္စမှာ မမှားဖို့အရေးကြီးတယ်။

mgyoe.com

mgyoe.com


ဘဘကြီးပြောခဲ့တဲ့ "ဘဲမသမာကလေးတွေ"ရဲ့ရန်ရှိတယ်။ မိန်းမနှင့် ယောကျ်ားဆိုတာ တစ်ခုခုဖြစ်ရင် မိန်းမသားဘက်က အနာချည်းပဲ ကွယ့်။ မသမာ လူယုတ်မာနှင့် တွေ့ရတဲ့ မိန်းမသားမှာ တစ်သက်လုံး နစ်နာတဲ့ အဖြစ်ဆိုးတွေကို တွေ့ရ၊ ကြုံရတဲ့ ဘဘကြီးမှာ သနားလို့ မဆုံး ဖြစ်ရတယ်။

"မရခင် ဖျာလိုလိပ်လို့ ထိပ်ပေါ်တင်"၊ ရတော့ "ဖျာလိုခင်းပြီး နင်း"ဆိုတာမျိုးဟာ ယောကျ်ားယုတ်တွေရဲ့ လုပ်ရပ်ပဲကွယ့်။ ငယ်ရွယ် သူလည်းဖြစ်၊ ချစ်တယ်ဆိုတဲ့ တပ်မက်မှုရောဂါလည်း စွဲနေရှာတဲ့ အမျိုးသမီးကလေးမှာ ယုံလို့ပုံအပ်လိုက်မိတာနှင့် ဒုက္ခပင်လယ် ဝေတော့တာပါပဲ။ လူယုတ်မာရဲ့ခြေထောက် ဖက်ရတဲ့အဖြစ်မျိုး ရောက်သွားတယ်။ လူယုတ်မာကတော့ မာမာပဲပေါ့။ ယောကျ်ားမှာ ဘာမှ အဖတ်တင်မကျန်ခဲ့ဘူး။ မိန်းမသားမှာ ဝန်ထုပ်ဝန်ပိုးနှင့် ကျန်ခဲ့ရ လို့ မျက်ရည်တတွေတွေနှင့် အပူဇာတ်ခင်းရရှာတော့တယ်။ အကြင်နာ ကင်းတဲ့ ရက်စက်တဲ့ ယောကျ်ားယုတ်ကတော့ ဘာမှမထိခိုက်ဘူး။ ရှေ့လျှောက်ပြီး ပွေနိုင် ရှုပ်နိုင်တယ်။ မလိမ္မာလို့ဖြစ်ရတဲ့ မိန်းမသားမှာ အရှက်ရရုံမျှမကသေးဘူး။ လူအများရဲ့ အထင်သေးခြင်း ခံရသေး တယ်။

အဲဒီလိုအထင့်သေးပြီး ပစ်စလက်ခတ်ပြောတဲ့ အုပ်စုဟာ များ သောအားဖြင့် မိန်းမတွေပဲ့ဖြစ်တယ်။ မိန်းမချင်းချင်း ကိုယ်ချင်းမစာတာ တွေ တစ်ပုံကြီးပဲ။ ခံရသူမှာ အသည်းနာစရာ သိပ်ကောင်းတယ်။ တချို့တော့ သူတို့အသက်ကို အဆုံးစီရင်တဲ့အထိ အဖြစ်ဆိုးတယ်။

ဒါတွေမြင်ရတော့ သက်ပြင်းချမိပါတယ်။ ကိုယ့်သမီးလေး၊ မြေးလေးလို စာနာတဲ့စိတ်ထား ဖြစ်လာပြီး ကရုဏာဖြစ်မိတယ်။ ဒေါသဖြစ်မိတယ်။ ဒေါမနဿဆိုတဲ့ စိတ်မကောင်းခြင်းလည်း အများ ကြီး ဖြစ်မိတယ်။ ဒါကြောင့်မို့ပြောတာပေါ့။ အတွေ့အကြုံမရှိသေးတဲ့၊

mgyoe.com

mgyoe.com


ဘဝအကြောင်း ကောင်းကောင်းနားမလည်ရှာတဲ့ အမျိုးသမီးကလေးတွေရဲ့ ဖြစ်ထွေကို ကြားရ၊ သိရ ဖတ်ရှုရတော့ လောကကြီး မတရားဘူးလို့ အော်ပစ်လိုက်ချင်တယ်။ ကမ္ဘာအစကတည်းက ယောကျ်ားတွေစီးပိုးတဲ့အဖြစ်နှင့် လွှမ်းမိုးလာခဲ့တော့ တရားဥပဒေတွေ၊ ထုံးတမ်းစဉ်လာတွေမှာ ယောကျ်ားကို အသာပေးပြီး မိန်းမကို နှိမ်ထားတယ်။ ယောကျ်ားနှင့် မိန်းမ အိမ်ထောင်ရေးအဆင်မပြေလို့ ကွာချင်ရင် မိန်းမက ကွာဖို့တောင်းရ မလွယ်ဘူး။ ယောကျ်ားက ကွာချင်တယ်ဆိုရင်တော့ လွယ်တယ်။ မိန်းမက ကွာချင်တယ်ဆိုရင် ယောကျ်ားက ကိုယ်ရော စိတ်ရော နှိပ်စက်တယ်ဆိုတာ သက်သေအထင်အရှား ပြရမယ်တဲ့။ ယုတ်မာကောက်ကျစ်တဲ့ ယောကျ်ားက ရက်စက်တာကို ဟန်ဆောင်မှုနှင့် ဖုံးကွယ်ပြီး ကျိတ်နှိပ်စက်တတ်တယ်။ အကောက်ဉာဏ်များတယ်။ အခုစကားနှင့်ပြောရရင် ပညာသားပါပါ နှိပ်စက်နေတာတွေ အများကြီးပဲ။ လင်မယားကွဲကြရင် ယောကျ်ားက 'ကွာမပေးဘူး' လို့ ပြောလိုက်ရင် မိန်းမက ဘာမှမတတ်နိုင်ဘူး။ ယောကျ်ားတွေထဲမှာ ယောကျ်ားကောင်း ယောကျ်ားမြတ်များ ရှိပါတယ်။ ရိုးရိုးသားသားနှင့် ဇနီးသည်ကို တကယ်တမ်းချစ်မြတ်နိုးတဲ့ ယောကျ်ားတွေလည်း အများကြီးပါပဲ။ 'ယောကျ်ားတိုင်းလည်း မမြတ်ဘူး၊ မိန်းမတိုင်းလည်း မယုတ်မာဘူး'ဆိုတဲ့စကားလည်း ရှိပါတယ်။ ယုတ်တာချင်း အတူတူဆိုလည်း ယောကျ်ားယုတ်တာက ပိုပြီးနစ်နာစေတယ်။ မိန်းမယုတ်ကို ယောကျ်ားကပစ်ဖို့ လွယ်လွယ်ကလေးပဲ။ ယောကျ်ားယုတ်ကို ခွာဖို့ခက်တယ်။ အဲဒီအချက်ကလေးကို သတိမူပြီး ရှေးပညာရှိကြီးများ မိန့်ဆိုတဲ့အတိုင်း 'ချိုကောက်ကိုရှောင်၊ တိုဖြောင့်ကို ပေါင်း'လို့ ဆိုချင်ပါတယ်။

သမီးလေးတို့၊ မြေးလေးတို့ကို ဘဘကြီးက ထပ်ခါတလဲလဲ ပြောချင်တာကတော့ ဘဝပညာကို ဆည်းပူးပါ။ ကိစ္စအရပ်ရပ်မှာ

mgyoe.com

mgyoe.com


ဆင်ခြင်မှု၊ စိစစ်ဝေဖန်မှု၊ အထူးသဖြင့် အချစ်ရေးမှာ ပြုကြပါ။ လှည့်ပတ် ဆွဲဆောင်မှုကို အထူးသတိပြုပြီး လွတ်အောင်ရှောင်ကြပါ။ အရေးဆိုရင် မိဘဆွေမျိုးများနှင့် တိုင်ပင်၊ မိတ်ကောင်းဆွေကောင်းများနှင့် ဆွေးနွေးပြီးမှ ဆုံးဖြတ်ကြပါ။ အလျင်စလို မဆုံးဖြတ်ပါနှင့်။ စိတ်ဓာတ်ခိုင်ခိုင်ထားနိုင်ဖို့ စာကောင်းပေကောင်းများကို များများဖတ်ပါ။ ကိုယ့်ဘဝ (အပျိုစင်ဘဝ)ရဲ့ဂုဏ်ကို ထိန်းသိမ်းပြီး တန်ဖိုးရှိအောင် နေကြပါလို့ ဆိုချင်ပါတယ်။ ဘဘကြီးပြောတဲ့စကားကို သေသေချာချာ သဘောပေါက်အောင် ဖတ်ရှုလေ့လာကြပါလို့ ဆိုချင်ပါတယ်ကွယ်။

❑

mgyoe.com

mgyoe.com



## ခေတ်မီတာလား၊ ခေတ်ဆန်တာလား

အပျိုစင် သမီးကလေး၊ မြေးကလေးတို့ကို ပြောရဦးမယ်။ အရင်ကလည်း ပြောတော့ပြောပြီးပါပြီ။ ဒါပေမဲ့ ထပ်ပြောရဦးမယ်။ ထပ်ပြောတာဟာ အင်မတန်ကောင်းတယ်။ တစ်ခါပြော ပြီးပြီးရောဆိုတာမျိုးဟာ မှတ်မိခဲတယ်။ ထပ်ခါတလဲလဲ ပြောပေးရေးပေးနိုင်မှ မမေ့တော့ဘူး။ မမေ့ဖို့လိုပါတယ်။ တစ်ဘဝလုံး မှတ်သားစရာစကားတွေမို့ပါ။ သမီးလေး၊ မြေးလေးတို့က မမေ့ဘူးဆိုမှ ကြီးလာလို့ ကိုယ့်မှာ သားသမီးတွေ ရလာတဲ့အခါ ဆက်ဆုံးမနိုင်ကြမှာပေါ့။ ဆုံးမစကားဆိုတာ ဆိုဆုံးမသူက စာပေဗဟုသုတ၊ အတွေ့အကြုံ၊ ဗဟုသုတတွေကို အနှစ်ထုတ်ပြီး ပြောရ (ရေးရ)တဲ့ စကားတွေပဲကွယ်။ ဘယ်လိုဆုံးမစာမှာမဆို အရေးကြီးတဲ့ အကြောင်းအချက်တွေကို နည်းအမျိုးမျိုးသုံးပြီး ထပ်ခါတလဲလဲ ပြောရ၊ ရေးရတာပဲ။

ဘဘကြီးပြောချင်တာဟာ 'အစဉ်အလာ'ဆိုတဲ့ စကားနှင့် ပတ်သက်လို့ပါပဲ။ အစဉ်အလာဆိုတာ ပစ္စုပ္ပန်မှာ ပြောဆိုပြုမူကျင့်သုံးကြလို့ ကောင်းကျိုးရတဲ့ သာဓကတွေကိုမှီးပြီး မိဘများက သားသမီးတွေကို ဆုံးမစကားအဖြစ် ပြောကြတယ်။ စာရေးတတ်သူတွေက အဲဒီ

mgyoe.com

mgyoe.com


အဆိုအမိန့်တွေကို စာနှင့်ပြန်ရေးကြတယ်။ စာရေးသူက အဆိုအမိန့်တွေကို သူတို့ရဲ့ညဏ်စွမ်းနှင့် သူတို့ရဲ့စာတွေ့ ကိုယ်တွေ့ကရတဲ့ အသိအမြင်တွေနှင့်ပေါင်းပြီး နောင်လာနောက်သားတွေကို တစ်ဆင့်ရေးပြကြတယ်။ ဒီလိုလုပ်ကြလို့ စာပေအဆောက်အအုံကြီးမှာ ဆုံးမစကား၊ လမ်းညွှန်စကားတွေဟာ စာပေတစ်ရပ်အနေနှင့် အမွေအဖြစ် ကျန်ခဲ့တာပေါ့။ ဒါကြောင့်မို့ စာပေလောကမှာ 'နီတိ'တို့ 'ဩဝါဒ'တို့ ရှိနေတာပေါ့။ 'နီတိ'ဆိုတာ 'လမ်းညွှန်'၊ 'ဩဝါဒ'ဆိုတာ 'ဆုံးမစကား'ပါပဲ။

အဲဒီနီတိတွေ ဆုံးမစာတွေဟာ မျိုးဆက်တိုင်း မျိုးဆက်တိုင်းအဖို့ အစဉ်အဆက် လက်ဆင့်ကမ်းရမယ့် စာပေရတနာတွေပဲ။ အဲဒီလိုလက်ဆင့်ကမ်းတဲ့ဘဝအတွက် အမွေအနှစ်တွေဟာ အစဉ်အလာတွေပဲပေါ့။ မျက်မှောက်ဘဝမှာ တိုးတက်တဲ့လူမျိုးပဲဖြစ်ဖြစ် အစဉ်အလာကို မပစ်ပယ်ဘူး။ ခေတ်တွေက အသီးသီး ကာလရွေ့လျော့တဲ့အလျောက်ရှိလာတယ်။ အဲဒီခေတ်တွေကို တစ်ခေတ်နှင့်တစ်ခေတ် ဆက်ပေးတာဟာ အစဉ်အလာတွေပဲကွယ့်။ ခေတ်တိုင်းမှာ သူ့ခေတ်နှင့်သူ တွင်ကျယ်တာချည်းပဲ။ အတိတ်က တွင်ကျယ်သမ္ဘရလဒ်တွေဟာ သင်္ချိုင်းဒဏ်ကို ကြံ့ကြံ့ခံပြီး နှောင်းခေတ်ကို ရောက်သွားကြတာပဲ။ အဲဒါကို အသိပညာရှင်၊ အတတ်ပညာရှင်တို့က တစ်သက်လုံး အချိန်ပေးပြီး ပြန်လည်သစ်လွင်အောင်လုပ်ပြီး စာပေအဖြစ် ထုတ်ဝေဖြန့်ချိကြတယ်။ အဲဒီတော့ သက်ဆိုင်ရာကဏ္ဍက ပုဂ္ဂိုလ်တွေက အစဉ်အလာကို ထိန်းသိမ်းပြီး လက်ရှိခေတ်သူခေတ်သားတွေကို အမွေလက်ဆောင် ပေးကြတယ်။

မျက်မှောက်ခေတ် လူတွေကလည်း ရှေးအစဉ်အလာတွေကို လမ်းညွှန်အဖြစ် ခံယူပြီး သူတို့ခေတ်ရဲ့အခြေအနေတွေနှင့် လိုက်လျောညီအောင် ထိန်းသိမ်းပြီး အဟောင်းကို အသစ်ဖြစ်အောင် ပြုစုမွမ်းမံကြတယ်။ အစဉ်အလာတချို့ဟာ ဟိုခေတ်က အခြေအနေအရ ဖြစ်ပေါ်

mgyoe.com

mgyoe.com


လာတာတွေဖြစ်ပြီး နှောင်းခေတ်တွေမှာ အခြေအနေတွေ ပြောင်းတဲ့ အလျောက် ခေတ်နှင့် လိုက်လျောညီအောင် ပြုပြင်ကြတယ်။ မွမ်းမံ ပြုစုကြတယ်။ ပြီးတော့ ကျင့်သုံးကြတယ်။ အဲဒါဟာ ခေတ်မီတယ် ဆိုတာပေါ့ကွယ်။

အစဉ်အလာဆိုတာ ပေါ်ထွန်းပြီး အချိန်တန်တော့ ပျောက်ကွယ် တိမ်ကောသွားတဲ့ ခေတ်ရဲ့သဘာဝကို ကျော်လွန်နိုင်တဲ့ နည်းလမ်းများ နှင့် နှောင်းခေတ်ကို လက်ဆင့်ကမ်းတဲ့ အကြောင်းအချက်တွေပါပဲ။ အင်္ဂလိပ်ဆိုရိုးစကားတစ်ခုကို သတိရမိတယ်။ ဘာလဲဆိုတော့ 'ဝိုင် အရက်ဟောင်းတွေကို ပုလင်းသစ်ထဲ ထည့်တယ်'ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်တဲ့ Old wines in new Bottles ဆိုတဲ့ စကားပဲကွယ့်။ ဘယ်လောက်ပဲသစ်ပါတယ်၊ ဆန်းပါတယ်ဆိုဆို တကယ်တော့ အဟောင်းကို အရင်းခံရတာချည်းပါပဲကွယ်။

အခု ဘာဘကြီး ရှည်ရှည်လျားလျား ရှင်းပြနေတာ တခြားကြောင့် မဟုတ်ဘူးကွယ့်။ လူငယ်တချို့က အဟောင်းကို ပစ်ပယ်ပြီး သူတို့ လုပ်ချင်ရာလုပ်တတ်ကြတယ်။ စာပေဆိုလည်း 'ဂန္ထဝင်ကြီး'ပါလို့ ဆိုကြတယ်။ မော်ဒန်ကိုသာ ကိုးကွယ်ချင်ကြတယ်။ စာပေတွင်မကပါ ဘူး။ အရာရာမှာ သစ်မှ၊ ဆန်းမှ ကောင်းတယ်လို့ ထင်နေကြတယ်။ သမီးလေးတို့၊ မြေးလေးတို့ သေသေချာချာစဉ်းစားကြည့်စမ်း။ ခေတ် ပေါ် ပစ္စည်းတွေဟာ မိုးပေါ်ကကျလာတာမဟုတ်ဘူး။ အဟောင်းကို ဟိုလုပ်သည်လုပ် ပြင်ပြီး အသစ်အဆန်းလုပ်ပြတာပဲမဟုတ်လား။ 'ဖက်ရှင်'ဆိုတာ ဘာလဲ။ အသစ်အဆန်းတွေမဟုတ်လား။

'ဖက်ရှင်'ဆိုတာ ပေါ်ပင်ပဲ။ ပေါ်ပင်ဆိုတာ တစ်ခဏပဲပေါ်တဲ့ အပင်ပေါ့။ ဖက်ရှင်ထွင်တဲ့သူတွေဟာ ဒီနှစ်မှာ ဒီပုံစံတွေ ထုတ်ပေး လိုက်တယ်။ နောင်နှစ်အတွက် ပုံတစ်မျိုးဖြစ်အောင် ဟိုနေရာ ပုံတစ်မျိုး ထည့်၊ ဒီနေရာ ပုံတစ်မျိုးထည့်ပြီး ဖန်တီးပေးလိုက်တာပဲ မဟုတ်လား။

mgyoe.com

mgyoe.com


သေသေချာချာစဉ်းစားကြည့်စမ်း။ နှစ်စဉ်နှစ်တိုင်း နိုင်ငံခြားတွေမှာ ဖက်ရှင်ဝိဇ္ဇာတွေက ဖက်ရှင်သစ်တွေ ထုတ်ပေးလိုက်ကြတယ်။ အမျိုးသမီးတွေက ဝတ်နေတဲ့ အဝတ်အစားတွေကို ဗီရိုထဲထည့်ထားပြီး ဖက်ရှင်အသစ်တွေကို ကြေးကြီးပေးပြီး ဝတ်ကြတယ်။ ဖက်ရှင်ဝိဇ္ဇာတွေဟာ မှော်ဆရာကြီးတွေလိုပဲ။ လူတွေကို လှည့်စားပြီး အမြတ်ထုတ်နေကြတယ်။ စဉ်းစားကြည့်၊ ဘဘကြီးပြောတာ မှန်သလား၊ မမှန်သလားဆိုတာ သမီးလေးတို့၊ မြေးလေးတို့ သိလာမှာပါ။

ခေတ်အလျောက် ခေတ်မီဖို့ လိုပါတယ်။ ဒါပေမဲ့ ခေတ်ဆန်တာကိုတော့ တတ်နိုင်သမျှ ရှောင်စေချင်တယ်။ ခေတ်မီတာနှင့် ခေတ်ဆန်တာကို ခွဲခြားသိကြစေချင်တယ်။ ခေတ်ဆန်တယ်ဆိုတာ တကယ်တော့ ခေတ်ရဲ့အလှည့်စားခံရတာမျိုးပါပဲ။ ဆိုလိုတာက ခေတ်အလျောက် အမျိုးမျိုးလုပ်ပြ ထုတ်ပြတာတွေကို တမက်တမော လိုက်လုပ်တာကို ညွှန်းတာပါ။ လိုအပ်တယ်၊ သင့်တော်တယ်ဆိုတဲ့ အချက်တွေကို မစဉ်းစားမထောက်ထားဘဲ သူများတွေလုပ်တာကိုကြည့်ပြီး လိုက်လုပ်တာကို ဆိုပါတယ်။ အဲဒါကို တချို့က ခေတ်ရေစီးကြောင်းမှာ မျောတယ်လို့ ဆိုကြတယ်။ သူတို့လုပ်တာမြင်လို့ ငါလိုက်လုပ်တာပဲဆိုရင် တုံးရာကျတော့မပေါ့။ စဉ်းစားဆင်ခြင်မှုမရှိဘဲ လုပ်တာဟာ တကယ်တော့ ရှက်စရာပဲကွယ့်။ လိုက်လုပ်သင့် မသင့် စဉ်းစားဆင်ခြင်ပြီး မလုပ်သင့်တာပဲလို့ ဆုံးဖြတ်လိုက်ရင် လိုက်မလုပ်နှင့်ပေါ့။ 'သူများယောင်လို့ ယောင်ရပါသည်၊ အမောင် တောင်မှန်းမြောက်မှန်းမသိ'ဆိုတာမျိုးဟာ ကိုယ့်မှာ ကိုယ်ပိုင်ဉာဏ်သုံးပြီး လုပ်သင့်မှ လုပ်ပြီး မလုပ်သင့်တာကို မလုပ်ဘဲ နေရဲတဲ့သတ္တိ မရှိရာကျပေလိမ့်မယ်။

ခေတ်မဆန်ချင်ပါနှင့်၊ ခေတ်မီအောင်သာ လုပ်ပါလို့ ဘဘကြီးဆိုချင်ပါတယ်။ ခေတ်မီတယ်ဆိုတာ ခေတ်ကပေးတဲ့ အခြေအနေ၊ ခေတ်မှာ လိုက်လျောညီထွေနေတတ်ဖို့ ကိစ္စကို ပြည့်စုံအောင်လုပ်ပါ။

mgyoe.com

mgyoe.com


ဥပမာ ဝတ်စားဆင်ယင်ရေးမှာ ခေတ်အလျောက် ပြောင်းလဲလာတယ်။ အဲဒီလို ခေတ်နှင့်လျော်ညီတဲ့ အပြောင်းအလဲကို လက်ခံကျင့်သုံးရပေလိမ့်မယ်။ အခုခေတ်မှာ ရတနာပုံခေတ်က အဝတ်အစားမျိုးဝတ်ရင် ကြောင်ရာကျမှာပေါ့။ 'ရိုးရိုးယဉ်ယဉ်'ဆိုတဲ့စကားရှိတယ်။ ရိုးရိုးဆိုရာမှာ ရိုးရိုးအအကြီးမျိုး မဟုတ်ဘူး။ ယဉ်ယဉ်ဆိုတဲ့ ကြည့်ပျော်ရှုပျော် အနေမျိုးဟာ ကောင်းပါတယ်။ တောက်တောက်ပြောင်ပြောင်ကြီး၊ ကြည့်ရတာ တစ်မျိုးကြီးပဲဆိုတာမျိုးကိုတော့ လိမ္မာစွာ ရှောင်ပေါ့။ ရိုးရာလည်း မပျက်၊ ခေတ်အလျောက်လည်း ဝတ်စားဆင်ယင်တာဟာ ရိုးရိုးယဉ်ယဉ် ဝတ်စားတယ်လို့ ခေါ်ပါတယ်။ ယဉ်တယ်ဆိုတာဟာ လှတယ်ဆိုတာထက် ပိုပြီး အနှစ်သာရရှိတယ်။ စဉ်းစားကြည့်ကြလေ။ မဂ္ဂဇင်းတွေထဲမှာ နိုင်ငံခြားက ဝတ်စားဆင်ယင်မှုတွေဟာ ကြည့်ဖို့ သက်သက်ပဲလို့ သဘောထားနိုင်ရင် ကောင်းလေစွ။

မြန်မာအမျိုးသမီးများဟာ မြန်မာပီပီသသ ဝတ်စားဆင်ယင်ဖို့ လိုတယ်။ ပြောဆိုပြုကျင့်မှုတွေဟာလည်း မြန်မာပီသစေချင်တယ်။ လူမျိုးခွဲခြားသတ်မှတ်တဲ့ သင်္ကေတဆိုတာ ရှိရမှာပေါ့။ ကိုယ့်လူမျိုးရဲ့ ဝိသေသလက္ခဏာတွေ ကိုယ့်မှာရှိမှ မြန်မာဆို မြန်မာလို့ ရမှာပေါ့။ တစ်ဦးတစ်ယောက်ကို တွေ့လိုက်ရရင် သူဟာ ဘာလူမျိုးလဲဆိုတာ သိနိုင်အောင် အဝတ်အစား၊ အပြောအဆိုတို့မှာ ကိုယ့်အမျိုး အမှတ်သင်္ကေတ ရှိရမှာပေါ့။ ဒါမှ အမျိုးဂုဏ်ကို စောင့်ထိန်းရာ ကျတော့မှာပေါ့။ မြန်မာလူမျိုးဆိုတာ ဒီလိုပုံပန်းသဏ္ဍာန်ပဲလို့ သိကြရဖို့ လိုအပ်တယ်။ ဒါမှမဟုတ်ဘဲ အင်္ဂလိပ်လိုလို၊ အမေရိကန်လိုလို၊ ဂျပန်လိုလို အဲဒီလိုလိုဖြစ်နေရင် တစ်နည်းဆိုရရင် သူများကိုတုတယ်ဆိုရင် ကိုယ့်မှာ ပင်ကိုဂုဏ်ဒြပ် မရှိသလိုဖြစ်မှာပေါ့။ အဲဒါ အရေးပါလှပါတယ်။ အဲဒီလို ဝတ်စားဆင်ယင်ရာမှာ ခေတ်မီတဲ့ပစ္စည်းတွေကို မြန်မာပီပီ ဝတ်ဆင်တယ်ဆိုရင် တကယ့်မျိုးချစ်စိတ်ရှိကြောင်း ထင်ရှားမှာပေါ့။

mgyoe.com

mgyoe.com


ခေတ်မီတာနှင့် ခေတ်ဆန်တာကို သမီးလေးတို့ မြေးလေးတို့ သိနိုင်ပါတယ်။ ခေတ်ဆန်ပြီး အလှဆင်ထားတာဟာ လှတယ်လို့ မဆိုသာဘူးကွယ့်။ ခေတ်မီပြီး ရိုးရိုးယဉ်ယဉ်မှ တကယ်လှတာ။ ညည်းတို့ လှတာနှင့်ယဉ်တာ ခွဲခြားအသိဆုံးပါ။ ဘဘကြီးပြောနေရင် အပို ဖြစ်မှာပေါ့။ ဟုတ်လား။ အခြားနိုင်ငံက အခြားလူမျိုးတွေကို တုတာဟာ အမျိုးဂုဏ်ကို ဖျက်တာနှင့် အတူတူပဲလို့ ဆိုချင်ပါတယ်။ မတူတာကို မတုနှင့်။ မတူလို့ ကိုယ့်မှာ ဂုဏ်နိမ့်မသွားဘူး။ မတူမှသာ မြန်မာနှင့် တခြားလူမျိုးတို့ကို ခွဲခြားနိုင်မှာပေါ့။ မတူတာကိုက ဂုဏ်ပဲ။

အဝတ်အစားတွင်မကဘူး။ ပိုအရေးပါတာက စိတ်နေသဘောထား၊ အယူအဆ အတွေးအမြင်ပါပဲ။ သူတစ်ပါးတို့ရဲ့ စိတ်နေသဘောထား အတွေးအမြင်တွေကို လေ့လာရမယ်။ အဲဒါလည်း ပညာတစ်ရပ်ပဲ။ အဲဒီလို လေ့လာတာဟာ ကိုယ့်အမျိုးဂုဏ်ကို စောင့်ထိန်းနိုင်တဲ့ သတ္တိရှိဖို့၊ အားကောင်းဖို့ပါပဲ။ အဲဒီနေရာမှာ အမှတ်မထင်နေရင် သိပ်ပြီး တန်ဖိုးမထားချင်တဲ့ 'အစဉ်အလာ'ရဲ့ ကဏ္ဍဝင်လာပြီ။ လူမျိုးတစ်မျိုးရဲ့ ဝိသေသတွေဟာ အစဉ်အလာထဲမှာ ပါရှိတယ်။ နိုင်ငံတိုင်းမှာ လူမျိုးတိုင်းဟာ သူတို့ရဲ့ဝိသေသတွေကို ထိန်းသိမ်းကြတယ်။ မထိန်းသိမ်းတဲ့ လူစုတွေဟာ ကိုယ်ပိုင်ဉာဏ်နည်းလို့ပဲပေါ့။ သူတို့ရဲ့ ယဉ်ကျေးမှု အင်အားဟာ လျော့နည်းပြီး ဟိုလိုလိုဒီလိုလိုနှင့် အရာရာမှာ အမျိုးပီသမှု ပျက်ပြားသွားတယ်။

အစဉ်အလာဆိုတဲ့ ဓလေ့ထုံးစံတွေထဲမှာ အစဉ်ပြောင်းလဲနေတဲ့ ခေတ်အခြေအနေနှင့် မကိုက်ညီတာတွေလည်း ရှိတာပေါ့။ အဲဒီဓလေ့ ထုံးစံတွေဟာ မလိုတော့ဘူးဆိုရင် ပြုပြင်ပြီး လိုက်နာနိုင်ရင် လိုက်နာ၊ မလိုက်နာသင့်ရင် ဖယ်ထားလိုက်ပါ။ ဟိုးရှေးက ပစ္စည်းတစ်ခုဟာ ဟောင်းနွမ်းတာက တစ်ကြောင်း၊ အသုံးမလိုတော့ဘူးဆိုတာက တစ်ကြောင်းတို့ကြောင့် စင်ပေါ်တင်ထားရသလို အသာကလေးထား

mgyoe.com

mgyoe.com


လိုက်ပေါ့။ အဲဒီနေရာမှာ အစားထိုးသုံးနိုင်တဲ့ပစ္စည်းကို သုံးပေါ့။ ဒါပေမဲ့ အဲဒီအစားထိုးတဲ့ ပစ္စည်းဟာ လူမျိုးရဲ့ယဉ်ကျေးမှုကို မပျက်စီးစေဖို့လည်း သတိထားရလိမ့်မယ်။

အခုပြောနေတာဟာ သမီးလေး၊ မြေးလေးတို့မှာ အမှားအမှန် အဆိုးအကောင်းကို ခွဲခြားဝေဖန်နိုင်တဲ့ ဉာဏ်ကို တိုးတက်ထက်မြက်စေရာမှာ အထောက်အပံ့ ဖြစ်စေလိုတဲ့ စေတနာနှင့် ပြောတာပါ။ ခေတ်ဆန်ဖို့ မလိုဘဲ ခေတ်မီဖို့သာ အရေးကြီးတာကို သိထားမှသာ နောင်ကာလမှာ မိခင်ဖြစ်ကြရတော့ ကိုယ့်သားသမီးများကို ကောင်းစွာ ဆုံးမနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

□

mgyoe.com

mgyoe.com



# ဘဝပညာကို ဆည်းပူးပါ

သမီးလေး၊ မြေးလေးတို့။ ဘဘကြီးက 'အပျိုစင်'မဂ္ဂဇင်းအယ်ဒီတာထံ ပေးစာတချို့ထဲမှာ ဘဘကြီး ဆုံးမဩဝါဒတွေကို နှစ်သက်ကြတယ်ဆိုတာ တွေ့ရတော့ ပီတိဖြစ်ပါတယ်။ စာရေးဆရာရဲ့ ပီတိအကြောင်းကို စကားစပ်မိတုန်း ပြောပြရဦးမယ်။ စာရေးဆရာဟာ သူ့ရဲ့ဘဝပေးတာဝန်အရ စာရေးရာမှာ သူ့စာဖတ်သူအပေါ် မေတ္တာစေတနာထားတယ်။ သူ့စာကိုဖတ်ပြီး စိတ်ဝင်စားမှု ရပါစေ။ ဘယ်ဟာမှာမဆို စိတ်ဝင်စားမှုရှိတာဟာ ပဓာနပဲကွယ့်။ စိတ်ဝင်စားမှသာ စာထဲမှာပါတဲ့ အကြောင်းအရာတွေကို ဂရုစိုက်မှတ်သားမိမယ်။ မှတ်သားလို့ရတဲ့ အသိကို အကြောင်းသင့်တဲ့အခါမှာ သတိရပြီး မိမိရှေ့မှာ ရောက်နေတဲ့ ကိစ္စတို့၊ ပြဿနာတို့ကို နည်းလမ်းမှန်မှန် ဆောင်ရွက်ဖြေရှင်းနိုင်မယ်။ စာရေးဆရာဟာ လူထုထဲက လူတစ်ယောက်ပဲ။ သူ့မှာ တစ်ခုပိုတာက ဗဟုသုတရှိတယ်။ ရှိအောင်လည်း စာတွေ့၊ ကိုယ်တွေ့၊ လက်တွေ့ ဆိုတဲ့ 'တွေ့သုံးတွေ့'ကို အစဉ်အမြဲ ဆည်းပူးနေတယ်။ လေ့လာသုံးသပ်နေတယ်။ ဘဘကြီးရဲ့ မိတ်ဆွေတစ်ဦးဖြစ်တဲ့ ဦးသိန်းဖေမြင့်က ပြောဖူးတယ်။ 'စာရေးဆရာဟာ နှစ်ဆယ့်လေးနာရီ အလုပ်လုပ်တဲ့

mgyoe.com

mgyoe.com



အလုပ်သမား'တဲ့။ မှန်ပါတယ်။ ထိုင်ပြီး စာရေးတာဟာ အဲဒီအလုပ်ကို လုပ်ရာမှာ နောက်ဆုံးအဆင့်ပဲ။ ထိုင်ပြီး စာမရေးခင် ရေးရမယ့် အကြောင်းနှင့် ပတ်သက်လို့ သူ့ဦးနှောက်ထဲမှာ စဉ်းစားတယ်။ စိတ်ကူး ဉာဏ်နှင့် အကောင်အထည်ဖော်နေတယ်။ ဆိုပါတော့၊ နေ့ရော ညပါ အိပ်မက်မက်နေတယ်။ ထိုင်ပြီး စာရေးတာ သူ့အတွေးအခေါ် အထင် အမြင်တွေကို အက္ခရာနှင့် မှတ်တမ်းတင်လိုက်တာပါပဲ။

စာတစ်ပုဒ်ဖြစ်ဖို့အရေးထက် အတွေးကို ပိုပြီးအားထုတ်ရတယ်။ တချို့ကတော့ အပေါ်ယံကြည့်ပြီး စာရေးဆရာလုပ်ရတာ မပင်ပန်းပါ ဘူး။ စားပွဲမှာထိုင်ပြီး တစ်နာရီ နှစ်နာရီရေးလိုက်ရင် ပြီးတာပဲ ထင်ကြ တယ်။ အဲဒီလူတွေကတော့ စာပေဝါသနာမပါတဲ့၊ စာပေနှင့်ဝေးတဲ့လူ တွေပေါ့။

ကိုယ့်စာကို ဖတ်လိုသူတွေ ဖတ်ကြပါစေလို့ ဖြူစင်တဲ့စေတနာ ထားတယ်။ ဖတ်ပြီးတော့ သူတို့ဉာဏ်အဆင့်အလိုက်၊ စရိုက်သဘာဝ အလိုက် ကျွန်တော့်စာထဲက ရနိုင်သမျှ သင်ခန်းစာ ယူနိုင်ကြပါစေ။ အဲဒီလို စေတနာနှင့် ရေးတာပါ။ တစ်ခါက တစ်ယောက်သောသူက ကျွန်တော့်ကို ဟိတ်နှင့်ဟန်နှင့် ပြောဖူးတယ်။ 'ဆရာရေးတဲ့ဆောင်းပါး ဖတ်ကြည့်တယ်၊ ကျွန်တော်တော့ မကြိုက်ဘူး၊ သဘောမတူဘူး'တဲ့။ ဘဘကြီးက သူက အပေါ်စီးနှင့်ပြောနိုင်တဲ့ နေရာကနေပြီး ပြောတာ ကို ဒီလိုပြန်ပြောလိုက်တယ်။ 'ခင်ဗျား မကြိုက်ဘူး၊ သဘောမတူဘူး လို့ ပြောလိုက်တာဟာ ကျွန်တော့်စာရဲ့အောင်မြင်မှုပဲ' အဲဒီလိုပြောတော့ သူ ငြိမ်သွားတယ်။ ဘဘကြီးစကားရဲ့အဓိပ္ပာယ်ကို သူ နားမလည်ရှာ ဘူး။ ဘဘကြီးဆိုလိုတာက သူမကြိုက်ဘူးဆိုကတည်းက ဘဘကြီးရဲ့ စာကို သေသေချာချာဖတ်ပြီး သူ့သဘောနှင့် မတိုက်ဆိုင်ဖြစ်တဲ့ ခံစားမှု ဖြစ်တာဟာ ဘဘကြီးရဲ့စာက သူ့ကို တွေးခေါ်ဖို့ လှုံ့ဆော်ပေးလိုက် တာကြောင့်ပဲ။ မကြိုက်ဘူး ကြိုက်တယ်ဆိုတာဟာ စာကိုဖတ်ပြီးမှ

mgyoe.com

mgyoe.com


ပြောရတဲ့စကားဖြစ်လို့ အဲဒီစကားဟာ စာကိုဖတ်ပြီးတဲ့အကြောင်း ဖော်ပြတာပဲ။ စာရေးဆရာဟာ စာဖတ်သူရဲ့ အတွေးအခေါ်တွေ ပေါ်ထွက်လာအောင် သူ့စာနှင့် တပ်လှန့်ပေးလိုက်တာပါပဲ။

တစ်ဖက်မှာလည်း အတော်တော့ ကြာပါပြီ။ စာတစ်စောင် ရောက်လာတယ်။ မလေးရှားနိုင်ငံက ထည့်လိုက်တဲ့စာပါပဲ။ စာပါအကြောင်းအရာက သင်္ဘောတစ်စင်းမှာ ရေဒီယိုသတင်းယူရတဲ့ မြန်မာအရာရှိကလေးတစ်ယောက်ဟာ သင်္ဘောမှာ အလုပ်သမားတွေအားလုံး ကပ္ပတိန်အစ တရုတ်အမျိုးသားတွေ၊ သူတစ်ယောက်တည်းသာ မြန်မာ။ သူနှင့် သင်္ဘောသားအားလုံးနှင့် ဆက်ဆံမှု မဟန်ဘူး။ ဒါကြောင့် စိတ်ညစ်နေတယ်။ တစ်နေ့တော့ သူ့အခန်းထဲမှာ ပုံထားတဲ့ မဂ္ဂဇင်းအဟောင်းတွေထဲက မြဝတီမဂ္ဂဇင်းတစ်အုပ်ကို ယူပြီး ရမ်းလှန်ပြီး ဆောင်းပါးတစ်ပုဒ်ကို ဖတ်တယ်။ အဲဒီဆောင်းပါးက ဘဘကြီး ရေးတဲ့ 'ဘဝကိုအလှဆင်သူ'ဆိုတဲ့ ဆောင်းပါး။ အဲဒီဆောင်းပါးကို ဖတ်ပြီး သူ့ဆက်ဆံမှုကို ပြင်လိုက်တယ်။ သင်္ဘောသားအားလုံး ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေ ဆက်ဆံတယ်။ အဲဒီတော့ တရုတ်တွေက သူ့ကို နားလည်ကြပြီး ဆက်ဆံမှုကို သူတို့ဘက်က ပြင်လိုက်ကြတယ်။ ဒါနှင့်ပဲ သူ့ကို ချစ်ခင်ရင်းနှီးသွားကြတယ်တဲ့။ အဲဒီလို အဆင်မပြေတဲ့ အရုပ်ဆိုးတဲ့အဖြစ်က အဆင်ပြေတဲ့ လှပတင့်တယ်တဲ့အဖြစ်ကို ရောက်သွားရတာ ဘဘကြီးရဲ့ဆောင်းပါးကို ဖတ်မိလို့တဲ့။

အဲဒါပါပဲ။ အဲဒီလိုစကားမျိုးတွေ ကြားရ၊ သိရတော့ စာရေးဆရာဟာ အင်မတန်မှပဲ (အခု ဗန်းစကားနှင့်ဆိုရင် အရမ်း အရမ်းပဲ) ပီတိဖြစ်မိပါတယ်။ ဆရာ့စာကို မကြိုက်ဘူး၊ သဘောမတူဘူး ဆိုသံကြားတော့လည်း စာရေးတယ်ဆိုတာ စတုဒိသာ အလှူပေးသလိုပါပဲ။ အလှူခံချင်သူတွေ ကြွကြပါ။ အလှူမခံချင်သူတွေ နေကြပါ။ အလှူခံပြီးတော့ မကြိုက်ဘူးဆိုရင်လည်း စွန့်ပစ်လိုက်နိုင်ပါတယ်ဆိုတဲ့

mgyoe.com

mgyoe.com


သဘောထားနှင့် ရေးတာပါပဲ သမီးလေးတို့၊ မြေးလေးတို့ရေ။

ကဲ၊ ပညာဆည်းပူးရေးနှင့် ပတ်သက်ပြီး ပြောပြီးတဲ့စကားတချို့ကို ထပ်ပြောပြီး အလေးပေးချင်ပါသေးတယ်။ နောက်ထပ် ပြောစရာကျန်တာလေးတွေကိုလည်း ထပ်ဖြည့်ချင်ပါသေးတယ်။ ဘဘကြီးက စာများများဖတ်ပါလို့ ထပ်ခါတလဲလဲ တိုက်တွန်းခဲ့ပါတယ်။ နောင်လည်း အလှည့်ကြုံတိုင်း တိုက်တွန်းနေဦးမှာပဲ။ စာများများဖတ်ပါဆိုရာမှာ စာကောင်းပေကောင်းတွေ များများဖတ်ပါလို့လည်း ဆိုတယ်။ ရှေ့မှာလည်း စာမျိုးစုံဖတ်ပါလို့လည်း ဆိုတယ်။ ဘယ်လိုလဲ ဘဘကြီးရှင်းစမ်းပါဦးလို့ သမီးတို့ မြေးတို့က ပြောလိမ့်မယ်။ ဘဘကြီးကလည်း ရှင်းမလို့ပါဘဲ။ အခုပဲ ရှင်းပြမယ်။

စာမျိုးစုံ ဖတ်ပါဆိုတာ အထွေထွေသဘောမျိုးပါ။ စာတွေ့ရင် ဖတ်နိုင်သမျှ ဖတ်လိုက်ပါ။ စာဖတ်တာဟာ ပျော်စရာပါ။ အားရင် စာအုပ်တစ်အုပ်ကို အိပ်ရာထဲယူသွားပြီး ဖတ်ရင်း အိပ်ပျော်သွားကြတာ ရှိတယ်မဟုတ်လား၊ ဒီလိုဆိုတော့ စာဖတ်တာဟာ အိပ်ဆေးလိုဖြစ်နေမှာပေါ့လို့ ဆိုမယ်။ အိပ်ဆေးလို့ပဲ ဆိုပါတော့။ အဲဒီလို အိပ်ဆေးသဘောမျိုးနှင့် စာဖတ်တဲ့အခါမျိုးမှာ ခပ်ပေါ့ပေါ့စာကို ဖတ်ပါ။ ဝတ္ထုလိုဟာမျိုး၊ သုတဆောင်းပါးမျိုးလို သိပ်ပြီး စဉ်းစားတွေးခေါ်ဖို့ မလိုဘဲ သိစရာလေးတွေသိဖို့၊ အမှတ်မထင်ဖတ်ဖို့၊ ဖတ်ရင် စိတ်ငြိမ်ပြီး မျက်တောင်စင်းရာက အိပ်ပျော်သွားနိုင်ပါလိမ့်မယ်။ လေးလေးနက်နက်အတွေးတွေပါပြီး အဓိပ္ပာယ်နားလည်အောင် ဦးနှောက်ကို အလုပ်ပေးရမယ့် စာမျိုးကို အိပ်ရာထဲယူမသွားနှင့်ပေါ့။ အဲဒီစာမျိုးဖတ်မိရင် စိတ်ဝင်စားသွားပြီး အတွေးစခန်းဝင်နေပြီဆိုမှဖြင့် မျက်လုံးကျယ်ပြီး အိပ်ပျက်လိမ့်မယ်။ စာမျိုးစုံဆိုတာ စာဖတ်သူရဲ့ အတွေးအခေါ်အမျိုးမျိုး၊ စိတ်ဝင်စားမှုအမျိုးမျိုးကို နှိုးဆွပေးတဲ့ စာအလေးအပေါ့အဆင့်ဆင့်ကို ဆိုလိုတာ။ စာဆိုတာ ဖတ်သူကို တွေးတောစေဖို့ အားဆေးတစ်မျိုး

mgyoe.com

mgyoe.com


ပေါ့။

ဆိုကြပါစို့။ အဓိပ္ပာယ်လွယ်လွယ်ရှင်းရှင်း၊ အကြောင်းအရာက လည်း သာမန်၊ အရေးအသားကလည်း ခပ်သွက်သွက် ခပ်လွင့်လွင့် စာမျိုးကို အင်္ဂလိပ်လိုက light literature လို့ ဆိုတယ်။ အဲဒါကို တိုက်ရိုက်မြန်မာပြန်တော့ 'စာပေါ့'လို့ ဖြစ်သွားတယ်။ စာပေါ့ရဲ့ မျက်နှာချင်းဆိုင်ကို 'စာလေး'လို့ ခေါ်ကြပြန်တယ်။ စာပေါ့၊ စာလေး ဆိုတော့ နည်းနည်းတော့ ကြောင်တက်တက် ဖြစ်သွားနိုင်တယ်။ ဆိုလို တာက သိပ်ပြီး ဦးနှောက်ကို အလုပ်မပေးရဘဲ သိရရုံမျှသာ ဖော်ပြတဲ့ စာမျိုးနှင့် ဦးနှောက်ကို အလုပ်ပေးပြီး အပြင်အနက်အဓိပ္ပာယ်၊ အတွင်း အဓိပ္ပာယ်တို့ကို နားလည်အောင် ကြိုးစားပြီး စာရေးဆရာက တိုက်ရိုက် တဲ့တိုး မဖော်ပြဘဲ တွေးယူရတဲ့ အဓိပ္ပာယ်ရှိတဲ့ ဖော်ပြချက်မျိုး၊ စိစစ် ဝေဖန်မှု ပြုရတဲ့စာမျိုးလို့ စာနှစ်မျိုးကို ခွဲခြားပြီး ရှင်းပြလိုက်ရင် နား လည်လောက်ရောပေါ့၊ ဟုတ်လား။

တစ်ခါက ဘာဘကြီး ဆောင်းပါးတစ်ပုဒ် ရေးဖူးတယ်။ နှစ် အတော်ကြာပြီမို့ အခုလူငယ်အများက ဖတ်ဖူးကြမှာမဟုတ်ဘူး။ ဆောင်းပါးခေါင်းစီးက 'စာဖတ်တတ်ရဲ့လား'အဲဒီခေါင်းစီးတွေ့ရတော့ စာဖတ်သူတချို့က ငါတို့ဟာ သူငယ်တန်း၊ ပထမတန်းလောက်က တည်းက စာဖတ်တတ်ကြတာပဲ။ ဒီစာရေးဆရာက ငါတို့ကို စော်ကား တယ်လို့ တွေးချင်တွေးကြပြီး ဘာဘကြီးကို စိတ်ဆိုးချင် ဆိုးကြမှာပေါ့။ အဲဒီလို ခေါင်းစီးမျိုးဟာ စာဖတ်မည့်သူတွေရဲ့အာရုံကို ဆွဲဆောင့်လိုက် သလို ဖြစ်တယ်။ 'အာရုံကိုဖမ်းလိုက်တဲ့ခေါင်းစီး'လို့ ခေါ်တယ်။ (အင်္ဂ လိပ်လို arresting title လို့ခေါ်တယ်။)

အဲဒီလို ခေါင်းစီးတပ် ဆောင်းပါးမျိုးကို ဖတ်ဖြစ်တာတွေ အများ ကြီးပေါ့။ ဖတ်လိုက်တော့ ဖတ်သူမှာ အဆိုအချေနှစ်ဖက်လုံးရဲ့ အာဘော်ကို သိရပြီး လုပ်သင့်တာလုပ်ပြီး မလုပ်သင့်တာကို ရှောင်

mgyoe.com

mgyoe.com


တော့မှာပေါ့။ ထားပါတော့လေ။

စာပေါ့ရော စာလေးတို့ပါ အားလုံးရသမျှ တွေ့သမျှတို့ကို ဖတ်ပါ။ ပထမဆုံး အကျိုးထူးက စာဖတ်သွက်လာလိမ့်မယ်။ ပြီးတော့ စာမျိုးစုံ ဖတ်တော့ ရသမျိုးစုံ စားရသလိုဖြစ်ပြီး အစာကောင်း၊ အစာညံ့၊ အန္တရာယ်ဖြစ်တတ်တဲ့အစာကို ခွဲခြားပြီး အစာကောင်းကို ရွေးတတ်လာလိမ့်မယ်။ အစားအစာကောင်း၊ မကောင်း သင့်၊ မသင့်ကို အတွေ့အကြုံက ခွဲခြားသိလာသလို စာကောင်း၊ စာညံ့၊ စာအန္တရာယ်တို့ကိုလည်း အတွေ့အကြုံက သင်ပေးပါလိမ့်မယ်။ အစားစားရာမှာ ပထမဦးစွာ လျှာက အဆုံးအဖြတ်ပေးပါလိမ့်မယ်။ တည့် မတည့်ကို ကိုယ်ကာယရဲ့ ကျန်းမာရေးအခြေအနေက ထောက်ခံချက်၊ ကန့်ကွက်ချက်တင်ပြပါလိမ့်မယ်။ နောက်ဆုံး တရားသူကြီးကတော့ ဆင်ခြင်တုံတရားပါပဲ။ ဒီလိုပဲ စာကောင်းမကောင်း၊ သင့် မသင့်ကို မှတ်ယူတတ်တဲ့ အသိဉာဏ်က ပထမအဆင့်အနေနဲ့ ရွေးပေးပါလိမ့်မယ်။ စိစစ်ဝေဖန်တဲ့ဉာဏ်က ဒုတိယအဆင့်အနေနှင့် ဆုံးဖြတ်ချက်ပေးပါလိမ့်မယ်။ စာပေစုထဲမှာ အချိန်ကာလဒဏ်ကို ခံနိုင်ပြီး ခေတ်အဆက်ဆက်မှာ တည်နေတဲ့ 'စာကောင်းရင် ဘယ်တော့မှမဟောင်း'ဆိုတဲ့ စာများကို ရွေးချယ်နိုင်ပါလိမ့်မယ်။ စာဟောင်းထဲမှာ စာကောင်းတွေရှိသလို စာသစ်တွေထဲမှာလည်း ဝေဖန်မှုမှတ်ကျောက်မှာတင်ပြီး အကဲဖြတ်နိုင်ဖို့ စာပေ၊ ဗဟုသုတနှင့် မိမိရဲ့ပင်ကိုဉာဏ်တို့ကို အသုံးပြုရမှာ ဖြစ်ပါတယ်။ 'အလိမ္မာ စာမှာရှိ'ဆိုတဲ့စကားရဲ့ အခန်း အဲဒီအခါမှာ ဝင်လာပါတယ်။ လက်ငင်းဘဝမှာရော အနာဂတ်မှာပါ ကောင်းကျိုးပေးနိုင်တဲ့ သင်ခန်းစာတွေ၊ အယူအဆတွေ သုံးသပ်ချက်တွေကို လေ့လာသင်ယူလို့ရတဲ့ စာပေဗဟုသုတကို ဆည်းပူးနေတဲ့သူဟာ ဟင်းကောင်းစားတတ်သူ ဟင်းကောင်းအမျိုးမျိုးစားတဲ့ အတွေ့အကြုံကို ခံထားပြီး ဟင်းကောင်းရွေးတတ်သလို၊ စာကောင်းတွေ များများဖတ်ထားလို့ရတဲ့ ဗဟုသုတ

mgyoe.com

mgyoe.com


မိမိရဲ့ကိုယ်ပိုင်ဉာဏ်ကို ထက်မြက်စေခဲ့တာမို့ စာထဲမှ 'အလိမ္မာ'(ပညာ) ကို ရှာယူတတ်ပေလိမ့်မယ်။

ဘဘကြီးပြောတာတွေကို သေသေချာချာဖတ်ရင် စာမျိုးစုံ ဖတ်ရာမှာ စာကောင်းပေကောင်းကို ဖတ်ပြီး အလိမ္မာဆိုတဲ့ ပညာအစစ်ကို အဆီညှစ်ထုတ်ပြီး ယူနိုင်ပါလိမ့်မယ်။

စာဖတ်တယ်ဆိုတာ ဖတ်ပြီး တွေးတတ်တဲ့အကျင့်ကို လေ့ကျင့်ယူတာပါပဲ။ စာဖတ်ပြီး အမြတ်ထုတ်နိုင်ဖို့ လိုတယ်။ အဲဒီအမြတ်ဟာ စာကပေးတဲ့ သင်ခန်းစာပါပဲ။ ကိုယ်တွေ့လက်တွေ့တွေကို တစ်ဖက်က သွားလေရာ နေရာမရွေး ရယူနိုင်ဖို့ ကြိုးစားရပေလိမ့်မယ်။

ဥပမာ လူတွေကြည့်လိုက်။ လူအမျိုးမျိုးကို တွေ့ရလိမ့်မယ်။ သူတို့ရဲ့အမူအကျင့်၊ သူတို့ရဲ့ စိတ်ထားသဘောထား၊ မိရိုးဖလာ ဓလေ့ထုံးစံတွေ၊ သူတို့ရဲ့ စီးပွားရေးအခြေအနေ၊ ကြီးပွားရေးအခြေအနေ၊ အဲဒါတွေကို တတ်နိုင်သလောက် ကိုယ်ပိုင်ဉာဏ်နှင့် စိစစ်လေ့လာဝေဖန်ရလိမ့်မယ်။ စာတွေ့ဗဟုသုတတွေက အဲဒီအကျင့်စရိုက်တွေနှင့် လူတို့ရဲ့ ဖြစ်မြဲသဘာဝတွေ၊ ခေတ်ရဲ့စေစားမှု အထွေထွေတွေကို အမြဲတစေ လေ့လာတာဟာ ဘဝတက္ကသိုလ်တက်ပြီး ဘဝပညာ ဆည်းပူးနေတာမျိုးပဲကွယ့်။

သမီးလေး မြေးလေးတို့အနေနှင့်ဆိုရင် အတွေ့အကြုံနည်းတယ်။ နည်းဆို မရှိသလောက်ဘဲ။ စာတွေထဲက အတွေ့အကြုံတွေကို နမူနာယူရမယ်။ ဝတ္ထုတွေကို ရွေးဖတ်ပါ။ စဉ်းစားတွေးခေါ် ဆင်ခြင်စရာ အကြောင်းအချက်တွေပါတဲ့ ဝတ္ထုတွေကိုဖတ်ပြီး အကဲဖြတ်တတ်အောင် ကြိုးစားပါ။ အချစ် အချစ်နှင့် အရပ်ရှစ်မျက်နှာကလာတဲ့ အသံတွေကို စိစစ်ကြည့်။ ဝတ္ထုတွေ၊ ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေ စသည်ဖြင့် သရုပ်ဖော်တဲ့ဟာတွေကို ဖတ်ကြည့်၊ ကြည့်ကြည့်။ ပြီးတော့ အဲဒါတွေထဲက အချစ်အကြောင်းကို လေ့လာကြည့်။ အချစ်နှင့် အိမ်ထောင်ရေး

mgyoe.com

mgyoe.com


ဘယ်သင်းကို ဦးစားပေးရမယ်ဆိုတာ ချင့်ချိန်တတ်ဖို့ လိုတယ်။ အချစ်ကိုချည်း ဦးစားပေးတာလည်း မှန်ချင်မှ မှန်မယ်။ ဒါပေမဲ့ မလွဲသာမှသာ အချစ်ကို လျှော့ပေးစေကြမှာပေါ့။ အချစ်မရှိတဲ့ အိမ်ထောင်ရေးဟာ အနှစ်သာရမရှိဘူးကွယ့်။ အချစ်အရွေး မှားမှာလည်း စိုးရတယ်။ ကိုယ်က ရွေးလိုက်တဲ့လူဟာ စိတ်ထားသဘောထား ယုတ်ညံ့တာ ဖြစ်နေရင် အရွေးမှားတာပဲ။ အမြှူကောင်းတဲ့ လူယုတ်မာဟာ စွဲမက်အောင် လုပ်တတ်တယ်။ ပြီးတော့ ဘာမှအသုံးမကျဘဲ ကိုယ့်ကို မှီစားမယ့်လူ၊ အရည်အသွေးလည်း မကောင်းတဲ့လူ၊ အရည်အချင်းရှိတယ် ဆိုရပေမဲ့ အကျင့်ဆိုးတဲ့ တစ်ကိုယ်ကောင်းသမား။ အမျိုးမျိုးကို သတိထားနိုင်ဖို့ ချင့်ချိန်တတ်ရမှာ ဖြစ်တယ်။ သမီးလေးတို့၊ မြေးလေးတို့ကို ဘဘကြီး တဖွဖွပြောနေတာကတော့ ကိုယ့်အပျိုစင်ဂုဏ်ကို ကိုယ် တန်ဖိုးထားပြီး စဉ်းစဉ်းစားစား လုပ်ပါဆိုတာပါပဲကွယ်။

❒

mgyoe.com

mgyoe.com



# အချစ်ဆိုလား ဘာဆိုလား

နှစ်ပေါင်းများစွာ ကြာလွန်ခဲ့သည့်အချိန်က စာအုပ်တစ်အုပ်တွင် ဂျာမန်စိတ်ပညာဆရာကြီးတစ်ဦးသည် သူ့စာရေးစားပွဲရှေ့ရှိ ပြတင်းမှ လမ်းတစ်ဖက် မျက်နှာချင်းဆိုင်တွင်ရှိသော ပန်းခြံထဲတွင် ချစ်သူ လူငယ်နှစ်ဦးကို လှမ်းတွေ့မြင်လိုက်သည်။ လူငယ်မောင်နှံတို့၏ ချစ်ခင်ယုယပုံကို လှမ်းမြင်နေရသော စိတ်ပညာဆရာကြီးက 'အဲဒါ အချစ်ဆိုလား၊ ဘာဆိုလားပဲ'ဟု တစ်ကိုယ်တည်း ဆိုလိုက်လေသည်။

လွန်ခဲ့သည့် အနှစ် ၃၀ ခန့်က ကျွန်တော်သည် ရုရှနိုင်ငံ လီနင်ဂရက်မြို့တော်ရှိ ဟိုတယ်တစ်ခုတွင် ရောက်နေသည်။

ဆောင်းတွင်းဖြစ်သဖြင့် နှင်းတွေ အထပ်ထပ်ကျနေသည်။ ကျွန်တော့်အခန်းရှေ့ရှိ လမ်းတစ်ဖက်က ပန်းခြံကလေးတွင် လူသူ ကင်းမဲ့လျက် ရှိ၏။ ရာသီဥတုအခြေအနေ ပြောင်းလဲသဖြင့် နံနက် ၈ နာရီ ကျော်လောက်တွင် နှင်းစဲ၍ ရှုခင်းများ ကြည်လင်လာလေသည်။ ထိုအခါ ပန်းခြံထဲသို့ လူသူအသွားအလာ အဝင်အထွက် များလာသည်။ အချို့သည် ပန်းခြံပန်းတစ်ဖက်မှ တစ်ဖက်သို့ ဖြတ်သွားကြသည်။ သူတို့သည် ပန်းခြံသို့လာကြသူများမဟုတ်၊ လမ်းဖြတ်သွား

mgyoe.com

mgyoe.com


သူများသာ ဖြစ်သည်။ ပန်းခြံထဲရှိ ထိုင်ခုံများပေါ်တွင် ထိုင်နေကြသူ တစ်ယောက်မျှပင် မရှိခဲ့ချေ။

ဇ နာရီလောက်ရှိသော် ပန်းခြံထဲသို့ အသက် ၅၀ ကျော်ဟု ခန့်မှန်းရသော မိန်းမကြီးတစ်ယောက် ဝင်လာပြီးလျှင် ထိုင်ခုံတစ်ခုတွင် ထိုင်နေသည်။ နောက် ၁၀ မိနစ်၊ ၁၅ မိနစ်လောက် ကြာသည့်တွင် ပန်းခြံတစ်ဖက်မှ အသက် ၅၀ ကျော် အရွယ်ရှိသော ယောကျ်ားကြီး တစ်ယောက် ဝင်လာသည်။ မိန်းမကြီး ထိုင်နေသော ထိုင်ခုံတွင် ထိုင်၍ စကားပြောနေသည်။ ကျွန်တော့်မှာ ထိုနေ့က အပြင်သို့ နေ့လယ် လောက်မှ ထွက်ရမည်ဖြစ်သောကြောင့် တစ်နံနက်လုံး ကိုယ်ပိုင်အချိန် ဖြစ်နေသည်။ ကျွန်တော်လည်း သူတို့နှစ်ယောက်ကို အကြောင်းမဲ့ စိတ် ဝင်စားလာပြီးလျှင် စောင့်ကြည့်နေမိသည်။ နောက်တစ်နာရီလောက် ကြာသော် သူတို့နှစ်ယောက်သည် ထိုင်ရာမှထကာ တစ်ဖက်တစ်လမ်း စီ ပြန်ထွက်သွားလေသည်။

သူတို့နှစ်ယောက် ဘာကြောင့် နှင်းတောထဲမှာ ထိုင်ပြီး စကား ပြောနေကြသလဲ။ သူတို့ကို လှမ်းပြီး သေသေချာချာကြည့်မိသည့်အခါ သူတို့သည် အပြင်လောက အခြေအနေကို ဂရုစိုက်ကြပုံမရ။ တစ် ယောက်အနား တစ်ယောက် ကပ်ထိုင်ပြီး စကားပြောနေကြသည်။ စကားလက်ဆုံကျပုံလည်း မဟုတ်။ စကားလုံး နည်းနည်းနှင့် ပြောနေ ကြဟန် ရှိသည်။ ကျွန်တော့်အနေဖြင့်တော့ သူတို့သည် သာမန်အသိ မိတ်ဆွေမဟုတ်။ အတော်ရင်းနှီးသော မိတ်ဆွေဖြစ်ရမည်။ အရဲစွန့်၍ တွေးမိပါသည်။ သူတို့သည် ချစ်တိုင်းမညားရသော ချစ်သူနှစ်ဦး ဖြစ် ကောင်း ဖြစ်ပေလိမ့်မည်။ ဂျာမန်စိတ်ပညာဆရာကြီးက လူငယ်ချစ်သူ နှစ်ဦးကို ကြည့်ပြီးလျှင် 'အဲဒါ အချစ်ဆိုလား၊ ဘာဆိုလားပဲ'ဟု မှတ် ချက် ချသလို ကျွန်တော်ကလည်း လူကြီးချစ်သူနှစ်ဦးဟု မှန်းဆရသူ တို့ကို ကြည့်ပြီး အလားတူ မှတ်ချက်ချလိုက်မိပါတော့သည်။

mgyoe.com

mgyoe.com


အချစ်ဆိုတာဘာလဲ၊ တကယ်တော့ မည်သူမျှ အချစ်အကြောင်းကို ပြည့်ပြည့်စုံစုံ သိသူမရှိပါ။ ရှိသည်ဆိုလျှင်လည်း ရှိကာမတ္တမျှသာ။ အချစ်အကြောင်း အလုံးစုံသိနိုင်ဖို့ ခဲယဉ်းသည်။ အချစ်၏သဘာဝ အစိတ်အပိုင်းအချို့ကို တွေ့ကြုံကြရသည်သာ ရှိသည်။ ဝတ္ထုရေးဆရာတို့သည် အချစ်၏ တစ်စိတ်တစ်ဒေသကို ယူ၍ ဇာတ်လမ်းဇာတ်ကွက်ဆင်ကြသည်။ ဒဿနဆရာတို့ကလည်း အချစ်အကြောင်းကို ထင်မိထင်ရာ မြင်မိမြင်ရာတို့ကို လေးနက်စွာ အဓိပ္ပာယ်ဖော်၍ ကျမ်းများပြုစုကြသည်။ အချစ်၏သဘာဝသည် အရင်းခံအခြေအနေများ အပေါ်တွင် တည်၍ တွေးခေါ်ထင်မှတ်သုံးသပ်၍သာ ပြုစုအပ်သော အကြောင်းရပ်တစ်ခုမျှသာ ဖြစ်သည်။

အချစ်၏သဘာဝကို အမြင်အမျိုးမျိုးဖြင့် မြင်ကြသလိုပင် အချစ်၏ သရုပ်သဏ္ဍာန်တို့ကိုလည်း မြင်ကြလေသည်။ သို့သော် အချစ်၏ပင်ကိုသဘာဝကိုမူ ဖော်ပြနိုင်ပေသည်။ အချစ်သည် တဏှာပေမ၊ တပ်မက်စွဲလန်းခြင်းပင် ဖြစ်၏။ ပိုင်ဆိုင်လိုစိတ်သည် တပ်မက်ခြင်း၏နောက်ဆွယ်မှ လိုက်လာသော်လည်း ထိုဆန္ဒက ကြီးစိုးသည်။ မိမိမှတစ်ပါး သူတစ်ပါးတို့ ပါဝင်လာမှာ စိုးရိမ်မှုသည် 'တစ်ဦးတည်းမူပိုင်' ပြုလိုသောဆန္ဒမှ ဖြစ်ပေါ်လာသောစိတ် ဖြစ်သည်။ တပ်မက်မှုဟူသော တဏှာရာဂသည် ပုဂ္ဂိုလ်မရွေးပေ။ တိရစ္ဆာန်များ၌ မိတ်လိုက်ရာတွင် အထီးတွေက အမကို အပြိုင်လုကြ၏။ သို့သော် ထိုပိုင်ဆိုင်လိုသော ဆန္ဒသည် အခိုက်အတန့်မျှသာ ဖြစ်သည်။ ကာမဆန္ဒ ပြည့်ဝသွားပြီးနောက် စွဲလန်းခြင်းမရှိ။ စင်စစ်မှာ စွဲလန်းခြင်း ဘယ်သောအခါမျှ မရှိပေ။ သွေးသားလှုံ့ဆော်မှုကြောင့်သာ သံဝါသပြုလိုက်ကြသည်။

လူ၌ကား အသိဉာဏ်ရှိ၏။ တီထွင်တတ်သော ဉာဏ်သတ္တိရှိ၏။ ထို့ကြောင့်ပင် အနောက်တိုင်းစကားပုံတစ်ခုက ဆိုဟန်ရှိသည်။ 'ဘုရားသခင်က အချစ်ကို ဖန်ဆင်းပေးလိုက်ရာ လူသားတို့က အိမ်ရာတည်

mgyoe.com

mgyoe.com


ထောင်ကြသည်’ဆိုလိုသည်မှာ အချစ်ဟူသော ကာမဆန္ဒ ရှိလေရာတွင် လူသားတို့က အိမ်ရာတည်ထောင်၍ အိမ်ထောင်ရှင်နှစ်ဦးသည် တစ်ဦးက တစ်ဦးကို အပြန်အလှန်ပိုင်ဆိုင်ခွင့် တီထွင်ကြသည်။ ‘လင်နှင့်မယား’ဟူသော စကားတွင် ပိုင်ဆိုင်မှုသည် ထင်ရှားပေါ်လွင်ပေသည်။ ထိုပိုင်ဆိုင်မှုကို အထူးဂရုစိုက်၍ ထိန်းသိမ်းကြရာတွင် မသင်္ကာမှု မနာလိုမှုများ အပြိုင်းအရိုင်း ပေါ်လာလေသည်။

အချစ်သည် တဏှာရာဂစိတ်ကို အရင်းခံသော်လည်း ထိုမျှချည်း မဟုတ်တော့ပေ။ ပိုင်ဆိုင်လိုသော ဆန္ဒ ခဲထားသည်။ ထို့ကြောင့် ‘သူ့ကိုမှသူ့ကို’ဟူသော သူ့ကိုသာ လိုချင်သည်ဟူသော ယေဘုယျသဘာဝမှ သီးသန့်သဘာဝသို့ ရောက်သွားသည်။ ပမာ ယောကျ်ားတစ်ယောက်သည် မိန်းမအများထဲမှ တစ်ယောက်ကိုသာ တွေးချယ်၍ ချစ်သည်။ ထိုမိန်းမ၏ အသိုက်အဝန်းထဲမှ အခြားမိန်းမများသည် သူရွေးချယ်၍ အချစ်စုလိုက်သော မိန်းမနှင့် ကွာခြားမှုမရှိ။ အခြားမိန်းမများ၌လည်း သူ့ချစ်သူ၏ အရည်အချင်းများ ရှိသည်။ ‘ဘာကြောင့် သူ့ကို သီးသန့်ချစ်ရသလဲ’ဟူသော မေးခွန်းကို ထိုယောကျ်ားက ကျေနပ်အောင် ဖြေတတ်မည်မဟုတ်ပေ။

ဤနေရာတွင် အချစ်ကို ကစားစရာသဖွယ် အမှတ်ပြုကာ ရည်းစားပွေသော ယောကျ်ား၊ မျက်နှာများသောမိန်းမတို့ ရှိကြသည်။ သူတို့ကို ထည့်သွင်းစဉ်းစားခြင်း မပြုပေ။ ရှေ့မှာ ပြထားသော ဥပမာသည် မိန်းမဘက်မှာလည်း ထိုနည်းအတူပင် ဖြစ်သည်။ တစ်ဦးတစ်ယောက်ကိုသာ ရွေးချယ်ပြီး ချစ်သည်။ ယင်းသို့ သီးသန့်တပ်မက်သည့် စိတ်ဆန္ဒကို ပွားများလိုက်လျှင် ထိုအချစ်စိတ်သည် ပြင်းထန်လာသည်။ သူ့ကို မရသဖြင့် အသက်စွန့်သည်အထိ ဖြစ်ရသည်။ အသက်ကိုမစွန့်ရဘဲ တစ်သက်လုံး စိတ်၏ဆင်းရဲခြင်း ဖြစ်နေတတ်သည်။ ဤတွင် ‘အချစ်မပါသော အိမ်ထောင်ရေး၌ အနှစ်သာရမရှိ’ဟု

mgyoe.com

mgyoe.com


ဆိုလာ ကြသည်။ သီးသန့်ပိုင်ဆိုင်လိုသော ဆန္ဒ၊ အစားထိုးမခံသော သဘော ထားတို့ကြောင့် အချစ်သည် အန္တရာယ်ကြီးမားသော စိတ်ရောဂါ ဖြစ်လာချေသည်။

အချစ်သည် မေတ္တာမဟုတ်ချေ။ အချစ်သည် ပူလောင်၏။ မီးနှင့်တူ၏။ စွဲလာလျှင် ငြိမ်းဝတ်ရမှာလည်း မလွယ်ချေ။ မေတ္တာနှင့် နှိုင်းယှဉ်၍ မရနိုင်ပါ။ မေတ္တာ၌ ပိုင်ဆိုင်လိုသောဆန္ဒ၊ တပ်မက်သောစိတ်တို့သည် ကင်းမဲ့၏။ မေတ္တာသည် ရေစင်ဖြစ်၏။ ကြည်လင်အေးမြပေသည်။ ယင်းသို့ နှိုင်းယှဉ်၍မရနိုင်ပေ။ မနှိုင်းယှဉ်သင့်။ သည်လို နှိုင်းယှဉ်ရုံမျှမက ပေါင်းစပ်ထားတတ်ကြသည်။ 'ချစ်မေတ္တာ'ဟူသည့် တွဲဖက် ဝေါဟာရမျိုး ပေါ်ထွက်လာသည်။ အင်္ဂလိပ်ဘာသာမှာမူ 'လပ်ဗ်' သည် အချစ်အတွက်ရော၊ မေတ္တာအတွက်ပါ အတူတူအသုံးပြုခံရသော ဝေါဟာရဖြစ်သည်။ ယင်းသို့ အတွေးချင်းပေါင်းစပ်၍ မြင်ကြသော အခါ ဒုက္ခရောက်နေကြသည်။ ဆားနှင့်သကြား ရောမွှေထားသလို ဖြစ်သဖြင့် အရသာမှာ အီလည်လည်ဖြစ်နေသည်။

အချစ်သည် ပုထုဇဉ်တို့အဖို့ ရှိမည်သာပင်။ သို့သော် အချစ်ကို သူထိုက်တန်သောနေရာမှာ ထားသင့်သည်။ ပလ္လင်ပေါ် မတင်သင့်ပေ။ ထိုစကားကို ကြားရသောလူငယ်အချို့ မကြိုက်နိုင်ဖြစ်မည်။ ကြိုတင်သတိပေးခြင်းပင် ဖြစ်၏။ အချစ်သည် ချစ်စရာကောင်း၏။ သို့သော် အကြီးအကျယ် အသုံးပြုလျှင် အန္တရာယ်ရှိနိုင်သည်။ မီးကဲ့သို့ပင် သုံးတတ်မှ အမြတ်ထွက်မည်။ မိမိ၏ဘဝကို အချိန်မီ မလောင်ကျွမ်းစေရန် သတိပြုသင့်သည်။ ချစ်တာတစ်ခုတည်းနှင့်တော့ မပြီးသေးပါ။ အချစ်ကို သရုပ်ဖော်မှုတွေ ထွေပြားလာသလို အချစ်အဓိပ္ပာယ်ကို ဘယ်သူမျှ အမှန်တကယ် နားမလည်ပါဟု ဆိုချင်ပါသည်။

❑

mgyoe.com

mgyoe.com



# နှစ်ဆယ်ကျော်အစိတ်ပိုင်း

တစ်နှစ်ကုန်လို့ တစ်နှစ်ဆန်းပြီလေ။ လူတွေဟာ နှစ်ဟောင်းကို ကျောခိုင်းပြီး နှစ်သစ်ကို မျက်နှာချိုသွေးကြတယ်။ ဒါဟာ ထုံးစံပါပဲ။ အသစ်မြင်ရင် အဟောင်းမေ့ပစ်တတ်ကြတယ်။ ဒါပေမဲ့ လူတိုင်းတော့ မဟုတ်ဘူး။ အသစ်ဘယ်လိုကောင်းကောင်း အဟောင်းကိုတော့ တလည်လည်ပေါ့ကွယ် ဆိုတာမျိုးလည်း ရှိပါသေးတယ်။ အချိန်ဆို တာ ပုံမှန်ရွေ့လျားနေတာပဲ။ တစ်နှစ်ဆို ဘယ်လောက်မျှကြာကြာ မနေလိုက်ရဘူးလို့ တချို့က ဆိုတယ်။ တချို့ကတော့ တစ်နှစ်ဟာ ကုန်ခဲလှချေကလားတဲ့။ အချိန်နှင့်လူဟာ ဒီလိုပဲ ဆက်ဆံကြတယ်လို့ ဆိုရမယ်။ အချိန်ကတော့ ဘယ်သူ့ကိုမျှ အရေးမထား၊ ဂရုမစိုက်ဘဲ တစ်–တစ်–တစ်–တစ်နှင့် နာရီထဲက စက္ကန့်သံဟာ မပြတ်မြည်၍ နာရီ လက်တံဟာ အမြဲရွေ့နေတာပဲ။ လူတွေဟာ မွေးနေ့ကို မှတ်သား ထားပြီး တစ်နှစ်ပြည့်တိုင်း မွေးနေ့ပွဲလုပ်လေ့ရှိကြတယ်။ မလုပ်ဘဲ အမှတ်မဲ့နေသူတွေလည်း တစ်ပုံကြီးပေါ့။ ကိုယ်ကိုယ်တိုင်က မလုပ်ပေ မယ့် မိဘဆွေမျိုးတွေက လုပ်ပေးတတ်ကြတယ်။ လူမမယ်အရွယ်က ဆိုရင် မိဘတွေက သူတို့သားသမီးတို့ကို မွေးနေ့ပွဲနှင့် လူအများ အသိ

mgyoe.com

mgyoe.com


အမှတ် ပြုစေကြတယ်။ မွေးနေ့ပွဲလုပ်တာ ကောင်းသလားလို့ မေးမည့်သူ ရှိမှာမဟုတ်ပါဘူး။ ပျော်စရာကောင်းလို့ ကောင်းတယ်ပဲ ဆိုကြမှာပေါ့။ မှန်ပါတယ်။ ပျော်စရာကောင်းအောင် စီစဉ်ပေးတယ်။ ပျော်စရာဖြစ်အောင် လုပ်ပေးတယ်။ ဒီတော့ ကာယကံရှင်ရော ဧည့်သည်တို့ပါ ပျော်ကြတာပေါ့။

- ပျော်ကြပါစေလို့ ဘာဘကြီး ဆုတောင်းပါတယ်။ အပျိုစင်ငါ့မြေးကလေးတွေ ပျော်ကြတာကိုပဲ ကြည့်ချင်ပါတယ်။ ငယ်ရွယ်သူတွေကတော့ ရှေ့ကိုချည်း ကြည့်ကြတယ်။ ဒီနှစ်ထက် နောင်နှစ် ငါ့အတွက် ပိုကောင်းမှာပဲလို့ တွက်ကြတယ်။ ဒါကတော့ လူငယ်တွေဟာ လူကြီးဖြစ်ချင်တဲ့ စိတ်ဆန္ဒကြောင့်ပါပဲ။ အပျိုစင်ကလေးတွေက အပျိုကြီးဖားဖား ဖြစ်ချင်တယ်။ အဲဒါမှ ကလေးဘဝက လွတ်ပြီး လူရာဝင်မယ်။ နောင်ကာလမှာ အိမ်ထောင်ရှင်ဖြစ်ကြတော့မယ်။ အဲဒီတော့ လူတစ်လုံးသူတစ်လုံး ဖြစ်တော့မယ်။ အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် နေရမယ်။ အဲဒီလိုမျှော်လင့်ချက်ကလေးတွေ ရှေ့မှာရောက်နေတော့ မွေးနေ့မှာ ရှေ့နှစ်ကိုမျှော်ပြီး မျှော်လင့်ချက်တွေအတိုင်း ဖြစ်ပါစေလို့ ဆုတောင်းကြပေလိမ့်မယ်။

အပျိုဖော်ဝင်စ အပျိုစင်တွေဟာ အသက် နှစ်ဆယ်က အစိတ်လောက်အထိ အပျိုဘဝတာမှာ ရှေ့မှာမျှော်လင့်ချက်တွေနှင့် စိတ်ကူးယဉ်နေတတ်ကြတယ်။ တကယ်တော့ အဲဒီအရွယ်ဟာ စိတ်ကစားတတ်ကြတယ်။ စိတ်ကူးနှင့် တိတ်တိတ်ပုန်း ရူးနေတတ်ကြတယ်။ အချိန်တန်အရွယ်ရောက်တော့ ချစ်သူနှင့် တွဲချင်ကြတယ်။ အပျိုစင်အရွယ်ဟာ သွေးသားအခြေအနေတွေ ပြောင်းတဲ့အရွယ်၊ ကိုယ်ကာယလည်း လိုက်ပြီး ပြောင်းလဲတယ်။ အဲဒီကြီးကောင်ဝင်တဲ့အရွယ်ဟာ မိန်းမသားတွေအဖို့ အလှဆုံးအရွယ်လို့ ဆိုနိုင်ပေတယ်။ နောက်လည်း ရှေးလူကြီးတွေက ဒီလိုအရွယ်ကို 'သွေးစုန်း'အရွယ်လို့ ခေါ်ကြတယ်။

mgyoe.com

mgyoe.com


စပ်ကူးမပ်ကူးကာလမှန်သမျှဟာ မတည်ငြိမ်ဘူး၊ အပျိုစင်တို့လည်း နှစ်ဆယ်ကျော် အစိတ်ပိုင်းမှာ စိတ်မငြိမ်ကြဘူး။ ယောကျ်ားကလေးများလည်း ထိုနည်းလည်းကောင်းပဲ၊ အပျိုကလေးတွေဟာ သူတို့ရဲ့ ပင်ကိုစရိုက်အတိုင်း ပြုမူလှုပ်ရှားကြတယ်။ တချို့က ဣန္ဒြေရကြတယ်။ တချို့ကတော့ ပျံနေတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလိုကြီးကောင်ဝင်တဲ့အရွယ်မှာ စိတ်မငြိမ်တာတော့ သေချာတယ်။ ဣန္ဒြေရတဲ့ အမျိုးသမီးကလေးတွေလည်း အပေါ်ယံငြိမ်ပေမယ့် စိတ်ထဲမှာတော့ ဘာလိုလို ညာလိုလို ဖြစ်နေတယ်။ ဆတ်စလူးမလေးတွေ ပြောစရာ မရှိဘူး၊ အတော်ထိန်းကြရတယ်။ အခုခေတ်မှာတော့ ယောကျ်ားလေးတွေနှင့် မိန်းကလေးတွေ သူငယ်ချင်းဖြစ်ပြီး လွတ်လွတ်လပ်လပ်နေကြတယ်။ သူတို့တစ်တွေ အရောဝင်ကြတာ လူကြီးတွေ မျက်စိစူးစရာ ဖြစ်တယ်။

အဲဒီ နှစ်ဆယ်ကျော်အစိတ်ပိုင်းကာလမှာ ပညာသင်ကြားရေးနှင့်ပတ်သက်ပြီး အရေးကြီးတဲ့အခိုက်အတန့်ပဲ။ သာမန်အားဖြင့် အဲဒီအရွယ်မှာ အခြေခံပညာ သင်ပြီးဖြစ်လို့ တက္ကသိုလ်ရောက်ကြတာ များတယ်။ တက္ကသိုလ်မှာတော့ ယောကျ်ားလေးနှင့် မိန်းကလေးတို့ရဲ့ ဆက်ဆံမှုဟာ အတော်ကြီးလွတ်လပ်တယ်။ အဘိုးကြီးတွေ အမယ်ကြီးတွေသာမက လူရွယ်များဖြစ်တဲ့ သူတို့ရဲ့မိဘများလည်း အတော်စိုးရိမ်ကြတာတွေ့ရတယ်။ တက္ကသိုလ်ပညာ သင်နေကြတယ်ဆိုတော့ ဘဝမှာ လူတစ်လုံး သူတစ်လုံး ဖြစ်ရေးမှာ ရှိသင့်တယ်ဆိုတဲ့ တက္ကသိုလ်ပညာဘွဲ့ရရေးဟာ အရေးကြီးပါတယ်။

အပျိုစင်တို့ ပညာတတ်စေချင်တယ်။ အတန်းပညာဟာလည်း အထိုက်အလျောက် တန်ဖိုးရှိတာပဲ။ ယခုခေတ်မှာ ယောကျ်ားတွေသာ ဝမ်းရေးအတွက် အလုပ်လုပ်ကြရတာ မဟုတ်ဘူး။ မိန်းမတွေလည်း အိမ်ကထွက်ပြီး ရုံးတက်ကြရတယ်။ အလုပ်ခွင်ကို အသီးသီး ဝင်ကြရ

mgyoe.com

mgyoe.com


တယ်။ ဝမ်းရေးအတွက် အလုပ်လုပ်ဖို့ မလိုဘူးဆိုဦးတော့၊ ခေတ်ပညာ တတ်ထားတော့ ဗဟုသုတ ဆည်းပူးနိုင်တာပေါ့။ ခေတ်ပညာကို ဆုံးခန်းတိုင် မသင်ယူနိုင်သူတို့အဖို့မှာတော့ စာများများဖတ်ပြီး ဗဟုသုတ ရှာမှီးနိုင်ပါတယ်။ တတ်နိုင်ရင် အကြောင်းအလှည့်သင့်ရင်တော့ တက္ကသိုလ်ပညာဘွဲ့ ရတဲ့အထိ ပညာသင်သင့်ပါတယ်။

နှစ်ဆယ်ကျော် အစိတ်ပိုင်းမှာ အပျိုကလေးတွေဟာ မိမိကိုယ် မိမိ ထိန်းနိုင်အောင် ကြိုးစားရပေမယ်။ ဒီကာလအတွင်းမှာ မှားမိပြီ ဆိုရင်တော့ ဘဝပျက်သည်အထိ ဖြစ်သွားနိုင်တယ်။ အပျိုစင်ဘဝဟာ တစ်သက်မှာ တစ်ခါသာ ရနိုင်တဲ့ဘဝဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားဖို့ လိုတယ်။ ဒီလိုမှမဟုတ်ရင် အပေါစား ဖြစ်သွားနိုင်တယ်။ ယောကျ်ားသားတွေဟာ အတော်ဆိုးတယ်။ သူတို့မှာ နစ်နာမှုမရှိဘူး။ မိန်းမသားမှာသာ နစ်နာစရာရှိရင် အနစ်နာခံရမယ်။ အဲဒီ နှစ်ဆယ် ကျော် အစိတ်ပိုင်းမှာ ကောင်းကောင်းထိန်းနိုင်ရင် အပျိုစင်ဘဝ တန်ဖိုး မကျတော့ဘူး။ လူတစ်လုံး သူတစ်လုံးဖြစ်တော့မှာပဲ။ အိမ်ထောင်ပြုရာ မှာ တင့်တင့်တယ်တယ် ဖြစ်လိမ့်မယ်။

အမျိုးသမီးတို့ဟာ သဘာဝအလျောက် အချိန်တန် အရွယ် ရောက်ရင် အိမ်ထောင်ပြုကြရမယ်။ ခြွင်းချက်တော့ ရှိတာပေါ့။ တချို့ အမျိုးသမီးတွေဟာ နဂိုကတည်းက အိမ်ထောင်ပြုဖို့ စိတ်မကူးကြဘူး။ အချို့ကတော့ အချစ်ကိစ္စမှာ အဆင်မပြေလို့ နာကြည်းတဲ့သဘောနှင့် အိမ်ထောင်မပြုချင်တော့ဘဲ အပျိုကြီးလုပ်ကြတယ်။ တချို့ကတော့ ငယ်စဉ်ကတည်းက ရေးဘဝ ပါရမီပါလာလို့ တရားဓမ္မမှာသာ ပျော်မွေ့လိုတဲ့ စိတ်ဆန္ဒရှိလို့ အပျိုကြီးဖြစ်သွားကြတယ်။ အဲဒီခြွင်းချက် တွေမှအပ အခြားသော မိန်းမသားတို့ဟာ အချိန်တန် အရွယ်ရောက်ရင် အိမ်ထောင်ပြုကြတယ်။ မိန်းမတွေဟာ သဘာဝအားဖြင့် အိမ်ထောင်ရှင် ဖြစ်ချင်ကြတယ်။ သားသမီး လိုချင်ကြတယ်။ ဒါဟာ သဘာဝပဲ။

mgyoe.com

mgyoe.com


ရှက်နေစရာ မလိုပါဘူး။

အချိန်တန်ရင် တင့်တင့်တယ်တယ် အိမ်ထောင်ရက်သားကျဖို့ဟာ အမျိုးသမီးတို့ရဲ့ ယေဘုယျဆန္ဒပဲ။ အိမ်ထောင်ရေးဟာ အလွန်ခဲခက်တဲ့ကိစ္စ ဖြစ်တယ်။ ပေါ့ပေါ့တန်တန် သဘောထားပြီး စိတ်အလိုလိုက်လိုက်ရင် လူဆိုးလူယုတ်နှင့် တွေ့တတ်တယ်။ ခုခေတ်ယောကျ်ားတွေဟာ ကြီးငယ်မဟူ များသောအားဖြင့် မယုံကြည်ရဘူး။ အားမကိုးရဘူး။ မှန်ပါတယ်။ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းပြီး တစ်သက်လုံး ခင်မင်ကြင်နာတဲ့ ယောကျ်ားတွေလည်း အများကြီးပါ။ ဒါပေမဲ့ သတိထားဖို့တော့ လိုတယ်။ ဒါကြောင့်မို့ သူ့အချစ်ကိုလက်ခံမယ်ဆိုရင် လက်မခံခင် သူ့သဘော၊ သူ့အမူအကျင့်တွေကိုစိစစ်ကြည့်ပါလို့ ပြောချင်ပါတယ်။ ရွေးတတ်ရမယ်။ အရွေးမှားရင်တစ်သက်လုံး မှောက်တတ်တယ်။ ဆူးနှင့်ဖက်လိုပဲဆိုတာ မှန်တယ်။ ဖက်ပဲပေါက်ရတာပဲ။

အပျိုစင်ဘဝဟာ မိန်းမသားတွေအဖို့ အဖိုးတန်ကာလလို့ ဆိုခဲ့ပါပြီ။ အဲဒါကို မမေ့သင့်ပါဘူး။ အပျိုစင်ဘဝမှာ သန့်သန့်ရှင်းရှင်းစင်စင်ကြယ်ကြယ် နေသွားရင် အပျိုစင်ဘဝရဲ့ဂုဏ်ကို ရနိုင်တယ်။ အသက်အရွယ်အားဖြင့် ရင့်ကျက်လာပြီလို့ဆိုရတဲ့ အပျိုကြီးဖားဖားအရွယ် အသက်အစိတ်ကျော်သည်အထိ အိမ်ထောင်မပြုဘဲ နေနိုင်ရင်ကောင်းလိမ့်မယ်လို့ ထင်တယ်။ အစိတ်ပတ်ဝန်းကျင်လောက်မှာတော့ကိုယ့်စိတ်တိုင်းကျ ဘဝကြင်ဖော်တွေ့ရင် အိမ်ထောင်ပြုဖို့သင့်ပါတယ်။

အချစ်ဟာ အင်မတန်မူးယစ်တတ်တဲ့အရာပဲ။ အမူးလွန်မှာစိုးရတယ်။ ဘဘကြီးကတော့ အချစ်ကိုးကွယ်မှုကို ဆန့်ကျင်တဲ့လူပဲ။ အချို့ကတော့ မုန်းကြလိမ့်မယ်။ အချစ်ကို သိပ်အထင်ကြီးတဲ့လူတွေ ရှိတယ်။ အများအားဖြင့် လူငယ်လူရွယ်တွေပဲ။ အချစ်လောက်တန်ဖိုးရှိတာ လူ့ဘဝမှာမရှိဘူးလို့ ထင်ကြတယ်။ ကဗျာဆရာကြီးငယ်တို့ဟာ

mgyoe.com

mgyoe.com


အချစ်အမွှန်းတင်ကဗျာတွေ အများကြီးရေးကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ အချစ်ကို အရေးပေးလါမ်းသူတွေဟာ လက်တွေ့မှာ အချစ်ကပေးတဲ့ဒဏ်တွေကို ခံကြရတော့ သိလာကြတယ်။ အချစ်ဟာ သေရည်သေရက်လိုပါပဲကွယ်။ မူးတဲ့အခိုက်မှာ ပျော်သလိုလိုရှိပြီး အမူးပြေတဲ့အခါမှာတော့ ခေါင်းကိုက်ကျန်ခဲ့တတ်တယ်။ တစ်ခုတော့ ရှိတာပေါ့။ အရက်စွဲတဲ့လူဟာ အမူးပြေလို့ ခေါင်းအောက်စိုက်ခဲ့ပေမယ့် တော်တော်ကြာတော့ အရက်ပုလင်းကို လှမ်းဆွဲကြတယ်။ အဲဒီလိုပဲ အချစ်စွဲတဲ့လူတွေတချို့ဟာ ဘဝဆုံးတဲ့အထိ အချစ်ကို ကိုးကွယ်ကြတယ်။ မချစ်ရဘူးလို့ မဆိုပါဘူး။ ချစ်တော့လည်း ချစ်ရပါတယ်။ ဒါပေမဲ့ တူနှစ်ကိုယ် တဲအိုပျက်မှာနေရရင် ချစ်ရတာနှင့် မကာမိအောင် စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်လိမ့်မယ်။ သတိထားကြပေတော့။

□

mgyoe.com